**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည်ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၁၉၀)
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ စနေနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ✯



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြု အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်)

# တပ်မတော်ဂုဏ်ဆောင်ခြင်းမှသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခြင်းဆီသို့

တပ်မတော်သားဆိုသည်မှာ ကျန်းမာသန်စွမ်း၍ သွက်လက်ဖျတ်လတ်ကြသူများဖြစ်သည်။ သတ်မှတ်ထားသည့် အသက်အရွယ်နှင့်ကျန်းမာရေးကောင်းမွန်သူများသည် မိမိတို့၏ကိုယ်တိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်သည်။ တပ်မတော်သားဖြစ်လာသည်နှင့်ကျန်းမာအောင်နေကြရသည်။ သန်စွမ်းအောင်လေ့ကျင့်ကြရသည်။ ကျန်းမာရေးအတွက် အားကစားကိုလေ့လာလိုက်စားကြရသည်။ ဘောလုံး၊ ခြင်းလုံးမှသည် ပြေးခုန်ပစ်စသည်ဖြင့် လေ့ကျင့်နေကြရသည့်အတွက် တပ်မတော်သားနှင့်အားကစားကိုပမာပြုရလျှင် ရွှေဒင်္ဂါးတစ်ပြား၏ခေါင်းနှင့်ပန်းပမာတူလှသည်။

တိုက်ပွဲဝင်အသင့်ဖြစ်နေစေရန် လေ့ကျင့်နေခြင်းတွင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးသည် အဓိကဖြစ်ပေရာ အားကစားကိုမလုပ်ဆောင်၍မရပေ။ ထို့အတူ နေ့စဉ်နံနက်နှင့်ညနေတိုင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးအပြေးလေ့ကျင့်မှုကို မပျက်မကွက်လုပ်ဆောင်နေကြရသည်။ ထိုသို့အားကစားကို လေ့လာလိုက်စားသည့်အတွက်ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ကြခြင်းဖြစ်သည်။ ပြည်သူလူထု၏အားကိုးရာလည်းဖြစ်သည်။

တပ်မတော်သည် အားကစားပြိုင်ပွဲအမျိုးမျိုးကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက်ကျင်းပပြီး ထိုမှတစ်ဆင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ ရေ၊ လေ)ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြရသည်။ ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာလ ၁၀ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၄ ရက်တွင်လည်းကောင်း ကျင်းပခဲ့သည်။

တပ်မတော်မှပေါ်ထွန်းလာသော ထူးချွန်အားကစားသမားများသည် တပ်မတော်ဂုဏ်ဆောင်အဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်ငံ့လက်ရွေးစင်အားကစားသမားအဖြစ်သို့ တက်လှမ်းနိုင်ကြရမည်ဖြစ်သည်။ အားကစားဆိုသည်မှာ အမြဲတမ်းလေ့ကျင့်နေရသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ အားကစားပညာရပ်ပိုင်းဆိုင်ရာများတွင် ကျွမ်းကျင်မှုပိုမိုကောင်းမွန်စေရေးအတွက် နည်းပြများ၏သွန်သင်ပြသမှုအတိုင်း တစ်သဝေမတိမ်းလိုက်ပါလုပ်ဆောင်ကြရမည်ဖြစ်သည်။ အားကစားတွင်ထူးချွန်၍ နိုင်ငံ့ဂုဏ်ဆောင်ကြသူများအတွက် ကြိုးစားမှု၊ ရိုးသားမှု၊ လိုက်နာမှုတို့မှာ အခြေခံဖြစ်သည်။ "လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲခံ"ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝနေကြရသည်။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့်စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်သည်။ တပ်မတော်သားများအနေဖြင့် အားကစားအောင်မြင်မှုသည် မိမိကိုယ်စားပြုသည့် တိုင်းစစ်ဌာနချုပ်၏ဂုဏ်ကိုဆောင်လိုက်ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် တပ်မတော်၏ဂုဏ်ကိုဆောင်နိုင်ခြင်းဖြစ်သည်။ တပ်မတော်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများဖြစ်အောင်ကြိုးစား၍ နိုင်ငံအတွက် အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။

"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည်တိုင်းပြည်ချစ်စိတ်ကိုဖြစ်ပေါ်စေသည်။ ထိုမှတစ်ဆင့် တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍလည်းပါဝင်သည်။ တပ်မတော်အနေဖြင့်လည်း အားကစားကဏ္ဍကိုအထူးအားပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ပင် တပ်မတော်ကိုယ်စားပြုအားကစားအဖွဲ့များသွားရောက်ယှဉ်ပြိုင်စေလျက်ရှိသည်။

တပ်မတော်သားဆိုသည်မှာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်သည်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများဖြစ်သည်။ တပ်မတော်သားအချင်းချင်းသည် ရဲဘော်စိတ်ဖြင့် အချင်းချင်းဆက်ဆံကြရပြီး တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကိုပမာရှိနေသည့်အတွက် စည်းလုံးမှုကောင်းမွန်သည်။ ထို့ပြင် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ပြည့်ဝသူများဖြစ်ကြသည်။ အထက်က တာဝန်တစ်ခုပေးအပ်လာပါက အဆိုပါတာဝန်ကို မည်သည့်အခက်အခဲနှင့်ကြုံကြုံ အောင်မြင်အောင်ထမ်းဆောင်ကြသည်။ (၆၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေးသည့်စိတ်၊ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

တပ်မတော်သားဆိုသည်မှာ နိုင်ငံတော်အတွက်အားကိုးအားထားပြုရသူများဖြစ်ကြသည်။ နိုင်ငံတော်ကာကွယ်ရေးတွင် အားကိုးရသကဲ့သို့ အားကစားကဏ္ဍနှင့်အခြားသော ကဏ္ဍပေါင်းစုံတွင်လည်း အားကိုးကြရသည်။ အထူးသဖြင့် တပ်မတော်မှထူးချွန်စွာပေါ်ထွက်လာမည့်အားကစားသမားများသည် နိုင်ငံတော်၏အားကစားကဏ္ဍမြင့်မားစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မြန်မာ့အားကစားမြင့်မားနေရေးကို အစဉ်တစိုက်မျှော်လင့်နေကြသည်။ အထူးသဖြင့် ဘောလုံးအသင်းများအောင်နိုင်ရေးကို ပိုမိုမျှော်လင့်သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်ဂုဏ်ဆောင်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သောအားကစားသမားများဖြစ်လာအောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၆၄

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## လူငယ်နှင့်စာဖတ်ခြင်း အသိပညာပေးဟောပြော

နေပြည်တော် အောက်တိုဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့်စာဖတ်ခြင်းအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၄ ရက်နံနက်ပိုင်းတွင် ခေတ်အေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက "လူငယ်နှင့်စာဖတ်ခြင်း"ခေါင်းစဉ်ဖြင့် အသိပညာဗဟုသုတနှင့်ပြည့်စုံသည့်လူငယ်များဖြစ်စေရန် စာကိုများများဖတ်ရန်လိုကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် စာပေကိုခင်တွယ်တန်ဖိုးထားလေ့လာဖတ်ရှုနေမှသာ ဘက်စုံဖွံ့ဖြိုးပြီးအရည်အချင်းရှိသော လူငယ်မောင်မယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ စာဖတ်ရာတွင်လည်း စာဖတ်ရုံသက်သက်မဟုတ်ဘဲ ဖတ်သမျှမှတ်၊ မှတ်သမျှကို ပြန်လည်မျှဝေနိုင်လျှင်အကျိုးရှိကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် စာပေကိုခင်တွယ်တန်ဖိုးထားလေ့လာမှတ်သားဖတ်ရှုနေရမည်ဖြစ်ကြောင်း ဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၁၀-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့

၂။ ၀၈:၂၀ Morning Songs

၃။ ၁၁:၅၀ စိုက်မွေးသုတ

၄။ ၁၄:၅၀ Business Tips

၅။ ၁၆:၀၀ Holiday Vibes

၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တရုတ်နိုင်ငံ စူးကျိုးမြို့တွင် စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တက်ရောက်၊ လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာန အကြီးအကဲ မစ္စတာ ဝမ်ဟုန်ကျင့်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ စူးကျိုးမြို့တွင် ကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် - ၂၀၂၅ သို့ တက်ရောက်ရန်နှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများကို လေ့လာနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၂၂ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့နှင့် စူးကျိုးမြို့များသို့ သွားရောက်ခဲ့သည်။



အောက်တိုဘာလ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နန်ကျင်းမြို့ China Huaneng Group ၏ ကျန်းစုပြည်နယ်အတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားစနစ်တည်ငြိမ်စေရေး ဓာတ်အားစနစ်ထိန်းချုပ်စင်တာသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက ကမ်းလွန်လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု၊ နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုများကို ဓာတ်အားစနစ် တည်ငြိမ်မှုကို ထိခိုက်မှုမရှိစေရေး ပေါင်းစပ်ထိန်းချုပ် ဆောင်ရွက်မှု အခြေအနေများ၊ စက်ရုံများ ထိန်းသိမ်းလည်ပတ် မောင်းနှင်မှုကို ဓာတ်အားစနစ်ထိန်းချုပ်စင်တာမှ ထိန်းချုပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် Jingyu Deep–green Energy Co.,Ltd. မှဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာတောင့်စက်ရုံသို့ ဝင်ရောက်လေ့လာရာ တာဝန်ရှိသူများက ကိုင်းဖျားကိုင်းနား၊ ဝါး၊ ဆီအုန်းခွံ၊ ပြောင်းဖူးရိုး၊ အုန်းခွံ စသော စွန့်ပစ်ဇီဝပစ္စည်းများကို စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သော ဇီဝကာဗွန်များ၊ သစ်သားလောင်စာတောင့်များ ထုတ်လုပ်မှုအဆင့်ဆင့်အလိုက် စက်ရုံအတွင်းရှင်းလင်းပြသပြီး ကုန်ကြမ်းစုဆောင်းရရှိမှုများ၊ နိုင်ငံတော်မှအားပေးထောက်ခံမှုများ၊ ဈေးကွက်ရှာဖွေရရှိမှုအခြေအနေများ၊ သယ်ယူပို့ဆောင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဖိုရမ်ကျင်းပရေးအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာလ ၂၃ ရက်တွင် စူးကျိုးမြို့ Xiangcheng EDZ Energy Center သို့သွားရောက်၍ Energy Center တွင် လျှပ်စစ်စွမ်းအင်စီမံခန့်ခွဲမှုများ၊ အဆောက်အအုံများတွင် Dual Thermal Storage နှင့် Multi–energy Complementarity ဆောင်ရွက်ထားရှိမှုများ၊ AI–Enabled Smart Energy Technology၊ Energy Saving and Carbon Reduction၊ AI base Control System တို့ကို ဆောက်ရွက်ခြင်းဖြင့်နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

အောက်တိုဘာလ ၂၃ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA) တို့က ကြီးမှူးကျင်းပသည့် စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ်–၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ တက်ရောက်ကြသည်။ ဖိုရမ်ခွဲတွင် တရုတ်အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုဌာနမှ မစ္စတာ ဟွမ်ရွှေနန် ၊ တရုတ်နိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားကွန်ရက်မှ မစ္စတာဝူရှောက်ချန်တို့ တက်ရောက်ပြီး ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင်ပေါကြွယ်ဝသဖြင့် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုနိုင်ရန် အင်တိုက်အားတိုက် ကြိုးစားလျက်ရှိကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်၊ သန့်ရှင်းသည့် လောင်စာများနှင့် နျူကလီးယားစွမ်းအင်တို့က စွမ်းအင်စနစ်တည်ငြိမ်မှုအတွက် အခြေခံအချက်အဖြစ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းသည် ဤကြီးမားသော စွမ်းအင်အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စိတ်ကူးများ၊ နည်းပညာများနှင့် အတွေ့အကြုံများကို မျှဝေခြင်းဖြင့် ရည်မှန်းချက်များကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စွမ်းအင်အသွင်ကူးပြောင်းမှုအပြည်ပြည်ဆိုင်ရာဖိုရမ် –၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ဓာတ်အားစနစ် ထိန်းချုပ်မောင်းနှင်မှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သုတေသန ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ လျှပ်စစ်ဆိုင်ရာမူဝါဒချမှတ်သူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြိုဆို၊ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

မန္တလေး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံသို့ အောက်တိုဘာလ ၁၉ ရက်က ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Anna Sergeevna Vinnikova ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

အဆိုပါအဖွဲ့သည် MAI လေကြောင်းလိုင်းဖြင့် ညောင်ဦးခရိုင် ညောင်ဦးလေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ဆက်လက်ထွက်ခွာကာ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများနှင့် အထင်ကရနေရာများသို့လေ့လာလည်ပတ်သည်။

ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Anna Sergeevna Vinnikova ဦးဆောင်သောအဖွဲ့အား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့တက်ရောက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့ကိုလည်း ဂုဏ်ပြုပန်းခြင်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



မြဝတီ

## ဒေသထွက် ခဝဲသီးများအရောင်းအဝယ်ကောင်းမွန်

ကျုံပျော် အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြတ်မော်၏ပြောကြားချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ကုန်စိမ်းဈေးကွက်တွင် ဒေသထွက်ခဝဲသီးများ အောက်တိုဘာလတတိယပတ်မှစတင်ပြီးလက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာလက်ရှိတစ်ရက်လျှင်ခဝဲသီးအလုံးရေ ၅၀၀၀ ကျော်အထိဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

ကျုံပျော်မြို့နယ်၌လက်ရှိခဝဲသီးအပါအဝင်ဒေသထွက်ရာသီကုန်ဟင်းသီးဟင်းရွက်များပေါ်သည့်အချိန်တွင် ခဝဲသီးများဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာရောင်းချရသည့်အတွက်သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာအရောင်းအဝယ်ပြုလုပ်ရခြင်းတို့ကြောင့်တောင်သူများအတွက်များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။ **သုတကျော်**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင်နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုည၌ ကျွန်ုပ်သည် ရထားဖြင့်ခရီးထွက်ရမည်ဆိုကာ ထမင်းစားပွဲတွင် ဝတ်စုံကိုမဝတ်ဘဲ ဂျာကင်နှင့်ရှမ်းဘောင်းဘီကိုသာ ဝတ်ထား၏။ သို့နှင့် ပစ္စည်းများသိမ်းဆည်းရာတွင် ကျွန်ုပ်သည် အလှဝတ်စုံကို ဗီရိုထဲတွင် မေ့ချန်ထားခဲ့ပြီး ရထားဘူတာရုံသို့ထွက်လာခဲ့ကြ၏။ လိုက်ပို့ကြသူများအနက်တွင် မောင်သိုက်တို့စုံတွဲနှင့် စာရေးဆရာမလည်းပါရှိလေရာ စာရေးဆရာမမှာ မြို့အစွန်အဖျားတွင် နေထိုင်သည်ဟု ကျွန်ုပ်သိသည်နှင့် အချိန်မှဲ့ကြီးတွင် တစ်ယောက်တည်း ပြန်ရမည့်အရေးကြောင့် လိုက်မပို့ဖို့ ကျွန်ုပ်က တားသော်လည်းမရပါ။ ၎င်းတို့သည် ဘူတာရုံသို့လိုက်ပို့ကြ၍ ရထားထွက်သည့်တိုင်အောင် ကျွန်ုပ်၏ တွဲအနီး၌ရပ်ကာ နှုတ်ဆက်နေကြလေရာ ပိတ်ထားသည့်မှန်တံခါးသို့ မျက်နှာများကပ်ထားသည့်အတွက်ကြောင့် သူတို့၏ပြားသောနှာခေါင်းများကို ကျွန်ုပ်၏မျက်စိထဲတွင် ယခုပင်မြင်လျက်ရှိသည်။

## သဘောကျပြီးရင်းကျရင်း

ရထားပေါ်တွင် ညီနှင့်ကျွန်ုပ်သည် တစ်ခန်း၊ သခင်ကျော်စိန်နှင့် ကိုလှကျော်တို့က တစ်ခန်း၊ သားနှင့်တခြားခရီးသည်တစ်ယောက်က တစ်ခန်း စီးကြ၏။ ထမင်းစားပွဲရှိစဉ် စကားစပ်မိကြသည်နှင့် ကျွန်ုပ်က ရထားပေါ်တွင် မြန်မာရှေးသီချင်းတစ်ပုဒ်၊ နှစ်ပုဒ်မျှဆိုပြမည်ဟု ကတိပြုခဲ့သော်လည်း အခန်းများမှာ လေးယောက်ခန်းမဟုတ်။ နှစ်ယောက်ခန်းသာဖြစ်သည့်အတွက်ကြောင့် သူတို့က သတိပေးတိုက်တွန်းသေးသော်လည်း ကျွန်ုပ်က အခြေအနေမကောင်းဟု အကြောင်းပြကာ ငြင်းဆိုခဲ့ပါသည်။ အမှန်မှာ ကျွန်ုပ်သည် 'ညီနှင့်သား'တို့အား ကျွန်ုပ်တတ်သည့်ပညာလေးကိုပြချင်စိတ်ရှိပါ၏။ သို့ရာတွင် သခင်ကျော်စိန်နှင့် ကိုလှကျော်တို့အားမူ ရှက်တက်တက်ရှိလာသည်နှင့် ယိုးမယ်ဖွဲ့ကာ ငြင်းလိုက်ခြင်းဖြစ်ပါသည်။ တစ်ရေးနိုးသောအခါ ကျွန်ုပ်သည် ဗီရိုထဲတွင် ထည့်ထားသည့်ဝတ်စုံကို ယူခဲ့မိပါလေစဟုစဉ်းစားရာ မေ့ကျန်ရစ်ခဲ့ကြောင်း သတိရလေပြီ။ ၃၀၀ ကျော်ပေးခဲ့ရသည့်အပြင် တစ်ခုတည်းသောဝတ်စုံဖြစ်သည့်အတွက် တော်တော်နှမြောမိပါသည်။ သို့ရာတွင် အကြောင်းကြောင်းကို ဆင်ခြင်လိုက်သည့်အခါ ကျွန်ုပ်၏ဝတ်စုံကား မပျောက်ဆုံးနိုင်။ မော်စကိုသို့ရောက်သည့်အခါ ဟိုတယ်သို့ တယ်လီဖုန်းဆက်လိုက်ပါက နောက်တစ်နေ့ရထားဖြင့် ပါလာနိုင်သည်။ ဤတစ်နေ့အတွက် မဝတ်ရရုံမျှသာရှိမည်ဆိုကာ စိတ်အေးစွာဖြင့်ပင်လိုက်ပါလာခဲ့၏။ နံနက်လင်းသောအခါ ညီက "အစ်ကိုကြီး ပစ္စည်းများမေ့မကျန်ရစ်ဘူးလား"

"ကျန်ရစ်တယ်။ ဝတ်စုံတစ်စုံမေ့ကျန်ရစ်တယ်"ဟု ခပ်အေးအေး ပြန်ပြောလိုက်၏။ ညီသည် ကျွန်ုပ်၏အေးဆေးသောအမူအရာကို မြင်၍ အံ့သြပုံရ၏။ "ကျန်ရစ်တာ ဘယ်တုံးကသိသလဲ"

"ညက တစ်ရေးနိုးတော့ သတိရတယ်။ ခင်ဗျားက ဘာ့ကြောင့်မေးနိုင်သလဲ"

ညီသည် ပြုံးစိစိမျက်နှာထားနှင့် ကျွန်ုပ်အား ကြည့်လိုက်သည်တွင် ကျွန်ုပ် ရိပ်မိလေပြီ။

"ဘယ်သူတွေ့လို့ ထည့်ယူခဲ့သလဲပြောစမ်း"

ဤတွင်မှ ညီသည် အဖြစ်အပျက်ကိုပြောပြပါတော့သည်။ စာရေးဆရာမသည် အခန်းထဲမှ ကျွန်ုပ်ထွက်လာပြီးသည့်နောက် စိတ်မချသည်နှင့် သားကိုခေါ်ပြီး ကျွန်ုပ်၏အခန်းသို့ဝင်ကြည့်ကြကြောင်း၊ ဝတ်စုံကို ဗီရိုထဲတွင်တွေ့သည်နှင့် ယူခဲ့၍ ကျွန်ုပ်၏သေတ္တာထဲသို့ တိတ်တဆိတ်ထည့်ထားကြပြီး မပြောဘဲနေကြခြင်းဖြစ်ကြောင်း၊ စာရေးဆရာမက "ဝတ်စုံတစ်ခုလုံး မေ့ထားခဲ့တယ်ဆိုတော့ သူ့ကိုယ်သူအစုံပါခဲ့ရဲ့လားလို့ စစ်ကြည့်စမ်းပါဦး"ဟု ရယ်မောကာပြောပြီး ကျွန်ုပ်ကိုမပြောသေးဘဲ ထားဖို့ပိတ်ထားကြောင်း ပြောပြလေသည်။ စာရေးဆရာမသည် အသက် ၅၀ ကျော် မုဆိုးမတစ်ယောက်ဖြစ်၍ ခပ်ရွှတ်ရွှတ်ပြောနိုင်ခြင်းကိုလည်းကောင်း၊ ကျွန်ုပ်အားလည်း ဆွေမျိုးသားချင်းတစ်ယောက်အနေဖြင့် သဘောထားသည့်အတွက်ကြောင့်လည်းကောင်း ထိုကဲ့သို့ ရဲရဲလွတ်လွတ်ပြောဝံ့ခြင်းဖြစ်ဟန်ရှိကြောင်း စသည်များဖြင့် ကျွန်ုပ်စဉ်းစားမိပါသည်။ ညီကမူ ဝတ်စုံမေ့ကျန်ရစ်သော်လည်း တုန်လှုပ်ခြင်းမရှိသည့် ကျွန်ုပ်၏အမူအရာကို အံ့သြချီးကျူး၍မဆုံး ရှိပါသည်။ ဤတွင် ကျွန်ုပ်သည် "မုန်းလျှင် အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးလျှင် သဒ္ဒါ၊ ကြင်နာမှ သနားသည်" ဟူသော မြန်မာစကားကိုသတိရမိသည်။ ညီသည် ကျွန်ုပ်အား သဘောကျ၍ ချစ်ခင်လျက်ရှိသည်ဖြစ်သောကြောင့် ကျွန်ုပ်ပြုလုပ်ပြောဆိုသမျှသည် သူ၏နား၊ မျက်စိတို့တွင် အကောင်းချည်းဖြစ်နေပုံရပါတော့သည်။

> **"ဘော်လ်ရှိုင်ဇာတ်ရုံကြီးမှာ ကမ္ဘာ၌ နာမည်တစ်လုံးရသည်တိုင်အောင် လူကြိုက်များလှသော ဇာတ်ရုံကြီးဖြစ်သည့်အလျောက် မော်စကိုမြို့သူမြို့သားများသည် ဤဇာတ်ရုံ၌ လက်မှတ်ရဖို့အတွက် ရက်သတ္တပတ်မက ကြိုတင်ပြီး ဝယ်ယူကြရသည်ဆို၏။ ကျွန်ုပ်တို့ကဲ့သို့သော ဧည့်သည်တော်များအတွက်ပင်လျှင် (အထူးအစီအစဉ်ပြုလုပ်ထားသော်လည်း) ချက်ချင်းလက်မှတ်ရဖို့မလွယ်ကူဆို၏ . . ."**

## ဘော်လ်ရှိုင်ဇာတ်ရုံကြီး

ဆိုဗီယက်ယူနီယံတွင် ကျွန်ုပ်တို့သည် ဘဲလေးအကကို ဇာတ်ရုံကြီးသုံးရုံတွင်ကြည့်ခဲ့ရ၏။ (၁)မော်စကိုမြို့၌ ဘော်လ်ရှိုင်ဇာတ်ရုံကြီး၊ (၂) လီနင်ဂရက်မြို့ ဇာတ်ရုံကြီး၊ (၃) မော်စကိုမြို့ ကရင်မလင်ဇာတ်ရုံကြီး (Palace of Congress) ဟူ၍လည်းခေါ်သည်။ ကျွန်ုပ်မှာ ဘဲလေးအကအကြောင်းကိုလည်းကောင်း၊ ဘော်လ်ရှိုင်ဇာတ်ရုံကြီးအကြောင်းကိုလည်းကောင်း ကြားရဖူးသည်ဖြစ်၍ ဘော်လ်ရှိုင်ဇာတ်ရုံကြီး၌ ဘဲလေးအကကို ပထမအကြိမ်ကြည့်ရသောအခါတွင် အဆန်းအသစ် မြင်ချင်မြည်းချင်သော ကျွန်ုပ်၏ဝါသနာအတိုင်း မျှော်လင့်ချက်ကြီးစွာဖြင့် ရောက်ခဲ့ပါသည်။ ကျွန်ုပ်တို့လူစုက ဘော်လ်ရှိုင်ဇာတ်ရုံကြီး၏ ဘဲလေးအကကို အမြန်ဆုံးကြည့်လိုကြောင်းပြောပြရာတွင် ရုရှားရဲဘော်များက ကောင်းပါပြီဟု ချက်ချင်းကတိမပေးဘဲဖြစ်အောင်ကြိုးစားပေးပါမည်ဟူ၍သာပြောကြသည်။ အကြောင်းကား ဤသို့တည်း။ ဘော်လ်ရှိုင်ဇာတ်ရုံကြီးမှာ ကမ္ဘာ၌ နာမည်တစ်လုံးရသည်တိုင်အောင် လူကြိုက်များလှသော ဇာတ်ရုံကြီးဖြစ်သည့်အလျောက် မော်စကိုမြို့သူမြို့သားများသည် ဤဇာတ်ရုံ၌ လက်မှတ်ရဖို့အတွက် ရက်သတ္တပတ်မက ကြိုတင်ပြီး ဝယ်ယူကြရသည်ဆို၏။ ကျွန်ုပ်တို့ကဲ့သို့သောဧည့်သည်တော်များအတွက်ပင်လျှင် (အထူးအစီအစဉ်ပြုလုပ်ထားသော်လည်း) ချက်ချင်းလက်မှတ်ရဖို့မလွယ်ကူဆို၏။ ဟုတ်လည်း ဟုတ်ပေမည်။ မော်စကိုမြို့မှာ ဟိုတယ်ပေါင်းရာနှင့်ချီ၍ ရှိသော်လည်း တည်းခိုရန်အတွက် နေရာရဖို့အခက်အခဲရှိသည်ဆိုရာ တစ်ရုံတည်းသာရှိသော ဘော်လ်ရှိုင်ဇာတ်ရုံမှာ (တခြားဇာတ်ရုံများတော့ အမြောက်အမြားရှိသည်။) လက်မှတ်ရဖို့အခက်အခဲကား အတော်ကြီးပေလိမ့်မည်။ ကျွန်ုပ်တို့အတွက် လက်မှတ်ရသောည၌ပင် ကျွန်ုပ်တို့သုံးယောက်အတွက်သာရရှိ၍ အဖော်လုပ်သောရဲဘော်အတွက် မရနိုင်သဖြင့် ရဲဘော်သည် ကျွန်ုပ်တို့ကိုလိုက်ပို့ရုံပို့ပြီး ပြန်သွားရလေသည်။

## ပြင်ဆင်ကြပုံ

ထိုည၌ ရဲဘော်သည် ကျွန်ုပ်တို့သုံးယောက်ကိုလိုက်ပို့၍ ခုံနံပါတ်အလိုက် နေရာချထားပေးပြီးနောက် ပြန်သွားရသည်။ သို့နှင့်ပင် ကျွန်ုပ်တို့သုံးယောက်အတွက် နေရာတစ်ဆက်တည်းမရနိုင်သဖြင့် ကိုလှကျော်နှင့် ကျွန်ုပ်အတွက်သာ နေရာတစ်ဆက်တည်းရပြီး သခင်ကျော်စိန်မှာ တခြားခုံတန်း၌ထိုင်ရသည်။ ရုံပေါက်ဝ၌ ပွဲကြည့်ပရိသတ်သည် တိုးဝှေ့ခြင်းမရှိသော်လည်း လူချင်းထိမတတ် စည်ကားလျက်ရှိရာ အတွင်းဘက်သို့ရောက်သောအခါ၌ကား ကျား၊ မ မရွေးနိုင်ဘဲ ကြိတ်ကြိတ်တိုးလျက်ရှိ၏။ အတွင်းဘက်တွင် အပေါ်ဝတ်အင်္ကျီထူကြီးများနှင့် ဦးထုပ်များကိုသိမ်းယူသည့် အဘိုးကြီး၊ အမယ်ကြီးများလက်သို့ ကျွန်ုပ်တို့၏ အဝတ်နှင့်ဦးထုပ်များကိုချွတ်၍ အပ်ထားခဲ့ကြရ၏။ အဝတ်များသိမ်းသောအလုပ်ကိုလုပ်သူများမှာ မိန်းမကြီးများနှင့်ယောကျ်ားကြီးများသာဖြစ်၏။ ခပ်ပေ့ါပေ့ါအလုပ်မျိုးဖြစ်၍ အသက်ကြီးရင့်သူများအား တာဝန်ပေးထားခြင်းဖြစ်ပုံရ၏။ (ဆပ်ကပ်ပွဲများမှတစ်ပါး ဇာတ်ရုံဟူသမျှတွင် ပွဲကြည့်ပရိသတ်အားလုံးသည် အပေါ်ဝတ်အင်္ကျီထူကြီးများကို ချွတ်၍အပ်ခဲ့ကြရသည်။ ဤအကြောင်းကို နောင်အခါ၌ ကျွန်ုပ်၏ မိတ်ဆွေစာရေးဆရာမအားမေးကြည့်ရာ ဆပ်ကပ်ပွဲများမှာ 'လူထု၏ပွဲ' ဖြစ်၍ အပေါ်အင်္ကျီထူကြီးများဝတ်ခွင့်ရသည်ဟု ပြောလေသည်။) ကျွန်ုပ်တို့၏ လက်မှတ်သုံးစောင်အနက် တစ်စောင်မှာ အောက်ဆုံးအထပ် ရှေ့ဆုံးတန်းမှဖြစ်၍ ကျန်နှစ်စောင်မှာ နံပါတ်ခုနစ်အတန်း၌ဖြစ်ရာ ကျွန်ုပ်သည် နီးနီးမှကပ်၍ အားရပါးရကြည့်လိုသည်နှင့် ရှေ့ဆုံးတန်းကို ယူမည်ကြံသေး၏။ သို့ရာတွင် အသက်ကြီးလာ၍ ကြောင်သည်ဟုထင်သည်တစ်ကြောင်း၊ တစ်ယောက်တည်း ခွဲကြည့်ပါက စကားပြောရမည့်အဖော်မရှိဘဲဖြစ်နေမည်တစ်ကြောင်းကြောင့် ရှေ့ဆုံးတန်းလက်မှတ်ကို သခင်ကျော်စိန်အားယူစေပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကော့သောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကော့သောင်း အောက်တိုဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာလ ၂၃ ရက်က ကော့သောင်းမြို့ (၂)မိုင်ဆီဆိုင်နှင့် ပင်ကင်းဟိုတယ်တို့သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ လူအများစုဝေးအသုံးပြုသည့် အဆောက်အအုံများနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများအလိုက် မီးဘေးလုံခြုံရေးနှင့်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုအခြေအနေများကိုစစ်ဆေးပြီး မီးဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပါက စနစ်တကျမီးငြိမ်းသတ်ရမည့်နည်းလမ်းများကို အသိပညာပေး ရှင်းလင်းပြောကြား၍ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) ရရှိစေရေး အကြံပြုချက်များ ဆောင်ရွက်ထားရှိမှုအပေါ် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ကော့သောင်းမြို့၌ မီးဘေးလုံခြုံစေရေးအတွက် Fire Safety Certificate ရရှိစေရေး ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် Fire Safety Certificate ရယူဆောင်ရွက်သည့် လုပ်ငန်း ၂၈ ခုရှိပြီဖြစ်ကြောင်း သိရသည်။



ချမ်းမြေ့

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ကျင်းပသည်။

အစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို စနစ်တကျ ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းကော်မတီများကလည်း အချင်းချင်း ဟန်ချက်ညီညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် NCA ဆိုင်ရာ အကြံပြုချက် စုစုပေါင်း ၉၃ ချက် ရရှိခဲ့ကြောင်း၊ အချို့အချက်များသည် အကျိုးရှိသည့် အကြံပြုချက်များဖြစ်ကြောင်း၊ လူငယ်များသည် ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည်ကိုတွေ့ရှိရကြောင်း၊ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်ကျင်းပမည့် အခမ်းအနားများ၌ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် အမှန်တကယ် သုံးစွဲခဲ့သည့် ဘတ်ဂျက်အသုံးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျတင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူးက NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲအား ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း ခေါင်းစဉ်နှင့်အတူ ရှေ့လုပ်ငန်းစဉ်များအား မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစီးကော်မတီအစည်းအဝေးကို လေးကြိမ် ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီအစည်းအဝေး နှစ်ကြိမ်၊ NCA-S EAO အဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းမှု လေးကြိမ်နှင့် နိုင်ငံရေးစကားဝိုင်းတွင် ပါဝင်သည့် Moderator၊ Speaker များနှင့်လည်း အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ပြီး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင်လုပ်ငန်းကော်မတီများအလိုက် တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အားသာချက်၊ အားနည်းချက်များအား ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးသုံးစွဲခဲ့မှု အခြေအနေကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည်ဟု သုံးသပ်တွေ့ရှိရပြီး ငြိမ်းချမ်းရေးအတွက် မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန် လိုကြောင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် ဒေသစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ NCA အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် အကြံပြုချက်များကို နောင်အစိုးရသစ်လက်ထက်၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အကြံပြုချက်ကောင်းများ ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လိုအပ်သလို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်မှုအတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများတွင် ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ်ဂိတ်ဖြစ်သည့် ဝမ်ပုံ-ဘန်မောင်မန်း နယ်စပ်ဂိတ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျိုင်းလတ်-စီအင်ကောက်နယ်စပ်ဂိတ်အားနှစ်နိုင်ငံသဘောတူညီမှုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော်လည်း MoU တွင် ဖြည့်စွက်ထည့်သွင်းဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံပြည်သူများ ဝင်ထွက်သွားလာမှု ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-လာအိုချစ်ကြည်ရေးအသင်းအနေဖြင့်ဝန်ကြီးဌာနနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပေးရန် ကိစ္စရပ်များရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-လာအိုချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်က အသင်းဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေ၊ တွေ့ဆုံရသည့်အကြောင်းရင်းတို့ကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




တွေ့ဆုံပွဲသို့ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# (၈၈) ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

(၈၈) ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီ (COSTI) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာလ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပသည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီ National COSTI Chair၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဆွေးနွေးဖက် Dialogue Partners နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးတွင်အာဆီယံသိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုကော်မတီ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီအောက်ရှိဆပ်ကော်မတီများအစည်းအဝေး၏ ရလဒ်များနှင့် ဆုံးဖြတ်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ အာဆီယံသိပ္ပံ၊ နည်းပညာနယ်ပယ် အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက် (APASTI) ၂၀၂၆-၂၀၃၅ ဆိုင်ရာ မဟာဗျူဟာမြောက် အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များအလိုက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုကော်မတီ (COSTI) မှ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆပ်ကော်မတီများအလိုက် ပူးပေါင်း ဆောင်ရွက်နေသည့် စီမံကိန်းများ၊ အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ ရုရှား၊ ယူကေ၊ အမေရိကန်တို့နှင့် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

**၂၄-၁၀-၂၀၂၅ ရက်နေ့**

**ဓာတ်သတ္တု(ရွှေ)**

**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း



နေပြည်တော် အောက်တိုဘာ ၂၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှဝန်ထမ်းများနှင့် စေတနာရှင် သွေးလှူရှင်စုစုပေါင်း ၄၃ ဦးတို့ ပါဝင်လှူဒါန်း ကြသည်။

အဆိုပါ သွေးလှူဒါန်းမှုကို ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြထွန်းဦး၊ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာ များနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သွေးလှူဒါန်းမှု အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ် ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အမှတ်တရလက်ဆောင်များ ပြန်လည် ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ မကွေး၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပုသိမ်မြို့တို့ရှိ ဆေးရုံများနှင့် သွေးဌာနများ တွင် တစ်ပြိုင်တည်းကျင်းပရာ စုစုပေါင်း ၃၄၅ ဦး ပါဝင်လှူဒါန်းခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၇ ခုနှစ်မှစတင်၍ စုပေါင်းသွေးလှူဒါန်းပွဲ များဆောင်ရွက်ခဲ့ရာ ယခုအခါ (၁၇)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်ပြီး သွေးလှူရှင်စုစုပေါင်း တစ်သောင်းခန့် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တက်ရောက် National Energy Administration(NEA)၏ အကြီးအကဲဖြစ်သူနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု အဖွဲ့ National Energy Administration (NEA) က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေးအပြည်ပြည် ဆိုင်ရာဖိုရမ်သို့ နိုင်ငံတကာမှ စွမ်းအင် ဝန်ကြီးများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ အကြီးအကဲများနှင့်အတူ တက်ရောက်ပြီး ပြခန်းများလှည့်လည်ကြည့်ရှုသည်။




ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက Key Note Speaker အနေဖြင့် "စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်အသွင် ကူးပြောင်းရေးတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်နေမှု"ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင် အခြေအနေ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ အခြေအနေတို့နှင့်ဆက်စပ်ပြီး စွမ်းအင် အသွင်ကူးပြောင်းရေး ဆောင်ရွက်နေရာ တွင် စွမ်းအင်ဖူလုံမှုနှင့်လုံခြုံမှုကို အလေး ထား၍ဆောင်ရွက်ရန်လိုအပ်မှု၊ ရင်းနှီး မြှုပ်နှံမှုများ လာရောက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဖော်ဆောင်ခြင်း၊ ရှာဖွေ ဖိတ်ခေါ်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များရရှိရေးအတွက်ကြိုးပမ်း ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဆိုင်ရာကတိကဝတ်များ ပြည့်မီ စေရေးအတွက် စွမ်းအင်အသွင်ကူးပြောင်း ရေးလုပ်ငန်းစဉ်များ လိုက်ပါဆောင်ရွက် ရာတွင် တွေ့ကြုံနေသည့်စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန်အတွက် ပူးပေါင်းဆောင် ရွက်ရန်လိုသည့် အခြေအနေများကို ထည့်သွင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့၏ အကြီးအကဲဖြစ်သူ Mr.Wang Hongzhi ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ ကိုအခြေခံ၍ စွမ်းအင်အသွင်ကူးပြောင်းရေး ကာလတွင် စွမ်းအင်ဖူလုံမှုနှင့်လုံခြုံမှုအတွက် နှစ်နိုင်ငံအနေဖြင့် နီးကပ်စွာပူးပေါင်း ဆောင်ရွက်လိုသည့်အခြေအနေများ၊ နှစ်နိုင်ငံ အကြီးအကဲများ သဘောတူညီထားကြပြီး ဖြစ်သည့်ကမ္ဘာ့စုံ၊ ဘက်စုံပူးပေါင်းဆောင်ရွက် ရေးတွင် တစ်ခုအပါအဝင်ဖြစ်သော စွမ်းအင် ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များ၊ Green Energy, New Energy သို့ ကူးပြောင်းရာတွင် အဓိကကျသည့် နည်းပညာ၊ အရင်းအနှီး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍသုံးရပ်တွင် တရုတ်နိုင်ငံ အနေဖြင့် လိုအပ်သည့်ကူညီအားပေးမှုများ ပြုလုပ်ပေးနိုင်ရန်ကိစ္စရပ်များ၊ ၂၁ ရာစုကို သိသာစွာပြောင်းလဲသွားစေမည့် နည်းပညာ ဟုခေါ်ဆိုရမည့် AI နည်းပညာကို စွမ်းအင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေအသုံးပြုရမည်ဖြစ်ရာ အဓိက လိုအပ်သည့် လျှပ်စစ်ဓာတ်အားပိုမိုရယူ အသုံးပြုနိုင်ရေးအတွက် တရုတ်နိုင်ငံအနေ ဖြင့် ကူညီဆောင်ရွက်ပေးရန်ကိစ္စရပ်များ ကို ဆွေးနွေးသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် အရှေ့အလယ်ပိုင်း ဒေသ၊ အာဖရိကဒေသတို့နှင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံ ပထဝီအနေအထားအရ အချက်အချာ ကျသည့်အားသာချက်ကိုရယူ၍ ပူးပေါင်း ဆောင်ရွက်သွားရန် အဆင်သင့်ရှိနေ ကြောင်း နှစ်ဦးနှစ်ဖက်အမြင်ချင်းဖလှယ် ၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ် မစ္စတာအားနော့ဒီဘော့ခ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ဒီဘော့ခ်နှင့်အဖွဲ့အား ယနေ့ညနေ ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ မြန်မာနိုင်ငံရှိ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားရေးနှင့် ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ ပိုမိုပေါ်ထွက်နိုင်ရေး တို့အတွက် မြန်မာနိုင်ငံအတွင်း သင်တန်း များပို့ချရေးတွင် ပူးပေါင်းဆောင်ရွက်နိုင် ရေးကိစ္စရပ်များ၊ ဝေးလံသောဒေသများရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဆိုလာ လျှပ်စစ်မီးစနစ်တပ်ဆင်နိုင်ရေးအတွက် အထောက်အပံ့ပေးရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ICRC မှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြကြောင်း သိရသည်။ မြဝတီ




## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ် တောင်များရွေ့လျားရာနေရာတစ်လျှောက် တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုး ပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီး ကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင် ပါရန်အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# နေပြည်တော် - မန္တလေးရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဂုတ်ထိပ်တံတားပြုပြင်နေမှုတို့ကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ နေပြည်တော်-သာစည်-သဲတော-မန္တလေး ရထားလမ်းပိုင်းတွင် မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ရထားလမ်းပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည်နေပြည်တော်-သာစည် - သဲတော -မန္တလေးရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး Run Off Frame များစနစ်တကျတပ်ဆင်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်၊ ရထားလမ်းတာပေါင်ကျဉ်းသောနေရာများတွင် သတ်မှတ်အကျယ်ရရှိအောင် စနစ်တကျဆောင်ရွက်ရန်၊ရထားလမ်းပိုင်းအတွင်း သတ်မှတ်စံချိန်စံနှုန်းအတိုင်း လမ်းခင်းကျောက်များ စနစ်တကျဖြည့်သွင်းပြီး Hand Tamp Machine အပြင် Automatic Leveling, Lining & Tamping Machine (ALL TM) စက်ဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်းကို သေချာစွာဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်း အသစ်ပြန်လည်တည်ဆောက်ရမည့် တံတားအမှတ် ၆၇၇၊ ၆၉၁၊ ၇၃၉ နှင့် ၇၇၁ တို့အတွက် Soil Test စနစ်တကျဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြင်းထန်သော မြေလျှင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘူတာများနေရာ၌ ဘူတာအသစ်များ အမြန်အစားထိုးတည်ဆောက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်ပြင်ဦးလွင်ဘူတာ၊ နောင်ချိုဘူတာ၊ ဂုတ်ထိပ်ဘူတာနှင့် ဂုတ်ထိပ်တံတား သံပေါင်ပျက်စီးမှုပြန်လည်ပြုပြင်နေမှုအခြေအနေ၊ နောင်ပိန်ဘူတာနှင့် ကျောက်မဲဘူတာတို့ကို သွားရောက်စစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝင်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး မြက်၊ ချုံနွယ်များ ရှင်းလင်းသွားရန်၊ ရထားပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းကြံ့ခိုင်မှုအခြေအနေတို့ကို ပုံမှန်စစ်ဆေးသွားရန် ဆွေးနွေးမှာကြားကာ ဂုတ်ထိပ်တံတားသံပေါင်သစ် ပြန်လည်တပ်ဆင်မှုအခြေအနေနှင့်စပ်လျဉ်း၍ သမိုင်းအမွေအနှစ်တံတားဖြစ်သဖြင့် မူလလက်ရာဒီဇိုင်းအတိုင်းဖြစ်အောင် စနစ်တကျဂရုစိုက်၍ ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျောက်မဲမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ကျောက်မဲခရိုင်မှ ဝန်ကြီးဌာနအောက်ဌာန/အဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး ဌာန/အဖွဲ့အစည်းများအလိုက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာ၌ စေတနာထားကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ သွားရောက်စစ်ဆေးကာ လူစီးတွဲနှင့် ကုန်တွဲများ အချိန်မီပြုပြင်ပြီးစီးရေး၊ ဝန်ထမ်းများ အရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရေး ၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

---

# တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့တွင်ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ အဆင့်မြင့်တတ်သိပညာရှင်များဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်




နေပြည်တော် အောက်တိုဘာ ၂၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ဦးဆောင်၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၁၂ ဦးပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ၏မြို့တော် မန်စီမြို့တွင် ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံအဆင့်မြင့်တတ်သိပညာရှင်များဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်တိုဘာလ ၂၁ ရက်တွင် မန်စီမြို့သို့ရောက်ရှိခဲ့သည်။

ညနေပိုင်းတွင် တယ်ဟုန်ပြည်နယ်ခွဲ တရုတ်ကွန်မြူနစ်ပါတီ ကော်မတီအတွင်းရေးမှူး Mr. Wang Yunfei နှင့်တွေ့ဆုံဆွေးနွေး၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသော ကြိုဆိုနှုတ်ခွန်းဆက်ညစာစားပွဲကို ဆက်လက်တက်ရောက်ပြီး တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ အဆင့်မြင့်တတ်သိပညာရှင်များ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ H.E. Mrs. Yang Yang က အဖွင့်အမှာစကားပြောကြားကာတာဝန်ရှိသူများက အလှည့်ကျဆွေးနွေးပြောကြားကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တရုတ်ပြည်သူများ၏ ကြီးပွားတိုးတက်မှုသည် မြန်မာပြည်သူများကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သကဲ့သို့ မြန်မာပြည်သူများ၏ လူမှုစီးပွားတိုးတက်မှုသည်လည်း တရုတ်ပြည်သူများကို အကျိုးကျေးဇူးဖြစ်ထွန်းစေကြောင်း၊ နှစ်နိုင်ငံအကြားတည်ရှိသော တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေးကို ဤဆွေးနွေးပွဲက ပိုမိုခိုင်မြဲစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ(၁၀)စောင် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

ယင်းနောက် အဖွဲ့ဝင်ကိုယ်စားလှယ်များ၏မိန့်ခွန်းပြောကြားမှုကို တက်ရောက်အားပေးကာ မွန်းလွဲပိုင်းတွင် မြန်မာ-တရုတ် ပညာရေးနှင့် အားကစားပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန် Dialogue ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဒုတိယဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၂၃ ရက်တွင် မန်စီမြို့ ရွှေစေတီသို့ သွားရောက်ဖူးမြော်ပြီး တယ်ဟုန်သက်မွေးပညာကောလိပ်သို့ သွားရောက်လေ့လာကာ ကောလိပ်အားကစားကွင်း၊ ဆေးသိပ္ပံပညာ၊ e-commerce ပညာ၊ မော်တော်ယာဉ်ပြင်ဆင်ရေးသင်တန်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မန်စီမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး မူလတန်းကလေးငယ်များ စာသင်ခန်းအတွင်း သင်ယူလေ့လာနေမှုများကိုကြည့်ရှုပြီး အားကစားရုံ၊ မြက်ခင်းတုအားကစားကွင်းအတွင်း မူလတန်းကလေးငယ်များ အားကစားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် Dehong Normal University သို့ရောက်ရှိရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ပုံစံငယ်ကို ပြသရှင်းလင်းကာ တက္ကသိုလ်သမိုင်းမှတ်တမ်းပြတိုက်အတွင်း လှည့်လည်လေ့လာသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဌာန၊ ဇီဝသိပ္ပံဌာန၊ အေအိုင်နည်းပညာဌာနသင်တန်းများကို ကြည့်ရှုလေ့လာခဲ့ပြီး အောက်တိုဘာလ ၂၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**မြဝတီ**

---

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KENBO အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ၊ PMPG-EV Myanmar Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen ID4 Crozz Pro အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် T&Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Sealion 07 လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**မြဝတီ**



# နေကြာမျိုးစေ့များ အခမဲ့ပေးအပ်ခြင်းနှင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



**လားရှိုး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ကကြီးမှူး၍ စိုက်ပျိုးရေးဦးစီးဌာနမှ သီးထပ်စိုက်ပျိုးနိုင်ရေး နေကြာမျိုးစေ့များ အခမဲ့ပေးအပ်ခြင်းနှင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ဟူးမွန်ကျေးရွာ ရေပူကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဟူးမွန်ကျေးရွာ ရေပူကွင်း တောင်သူ ဦးအိုက်ညွန့်၏ လယ်မြေ၌ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။ ထိုသို့ရိတ်သိမ်းရာတွင် စိုက်ပျိုးဧက တစ်ဧကလျှင် မိုးစပါးစုစုပေါင်း ၁၁၀ ဒသမ ၃၀ တင်း ထွက်ရှိသည်။

ထို့နောက်တောင်သူများအား သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးလယ်မြေဧက ၃၀ အတွက် နေကြာမျိုးစေ့များအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူကြောင်း သိရသည်။ **ဦးလူမော်**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ

**ဟသ်ာတ အောက်တိုဘာ ၂၄**

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဟသ်ာတမြို့နယ် နိဗ္ဗာန်တိုက်နယ်အုပ်စု သာဒီကွင်းအလယ်တန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ ပြသခြင်းကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်ဖွံ့ဖြိုးဖို့ စာပေလေ့လာဖတ်ရှုကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးပြောကြားပြီး အငယ်တန်းစာရေး ဒေါ်မွန်မြတ်သူက မူလတန်းကလေးငယ်များအား ဗဟုသုတရရှိစေမည့် ရုပ်ပြပုံပြင်စာအုပ်များဖြင့် မိတ်ဆက်ပေးခြင်း၊ ကလေးငယ်များအား သရုပ်ပြပုံပြင်ပြောပြခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် ကျောင်းသားလူငယ်များအတွက် ကျောင်းစာကြည့်တိုက် လက်တွေ့အသုံးချခြင်း အစီအစဉ်အဖြစ် စာအုပ်ပြပွဲ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲများအပြင် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် လူကုန်ကူးမှုအသိပညာပေး နံရံကပ်စာစောင်တို့ကိုပြသထားရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

# ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



**ပွင့်ဖြူ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း သမော်အင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်တို့က တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ သမော်အင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းအား ဒုတိယအလွှာ ဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇွန်လ ၁၉ ရက်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ဥယျာဉ်မှူး၏ ပန်းတစ်ခင်း

❖ ပန်းလေးတွေ ဝေလှဖို့
မြေဆွလို့ ပေါင်းကိုသင်။
ယုယကြင် ရေကြည်ပေးလို့
မြေဆွေးထည့်ရှင်။
ပိုးဘေးတို့ ဖယ်ကာကြဉ်
တွယ်တာရင်ဖြင့် သန့်စင်ပေး။
ပန်းတစ်ရာ လန်းဖြာမွှေးဖို့
စွမ်းပါလို့လေး။

❖ စေတနာ သဒ္ဓါဖွေးနှင့်
ဘယာဘေး ကွာဝေးရာ။
အနစ်နာ မေတ္တာစွမ်းဖြင့်
လမ်းပြစေကာ။
အာစရိယ ဂုဏ်လှစွာ
စုံမျှကာ သင်ကြားပေး။
ကမ္ဘာယှဉ် ထာဝစဉ်အရေးမို့
စူးဆောက်သို့သွေး။

❖ ပွဲပြင်ကာ ကိန်းမြတ်ရေးမို့
ထိန်းမတ်ပေး ရွေးချယ်ကာ။
နေရာစုံ ကဏ္ဍအလိုက်
စံပြ ထိုက်စွာ။
သီးလိုက်ကြ တစ်ရာနှစ်ရာ
အညှာက တစ်ခုသာပဲ။
ပြည့်တာဝန် ကျေပွန်ထမ်းသည့်
လုပ်ငန်းခွင်ထဲ။

❖ ရွှေလက်ပိုင် ခိုင်ခိုင်တွဲလို့
မယိုင်ဖွဲ့ ဆင်နွှဲပျော်။
လောကမြေ မသွေလှဖို့
နေလသို့နော်။
ပြည်အကျိုးပေမို့
သယ်ပိုးလို့ နှောင်ရေးမြော်
ပေါ်လွင်ဖို့ ထိန်းကျောင်းရင်း။
စံပြမကုန်
ကဏ္ဍအစုံ ပြည့်ဂုဏ်သင်းတယ်
မွှေးလှစေခြင်း။ ။

**ကိုမောင်လှသိန်း(ညီမြတို့ရွာ)**

## MWD Variety Channel

၂၅-၁၀-၂၀၂၅(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |
| ၂။ | ၁၁:၄၅ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့ |
| ၃။ | ၁၄:၃၀ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |
| ၄။ | ၁၇:၃၅ | စကားလက်ဆုံ |

## MWD Education, Knowledge & Sports Channel

၂၅-၁၀-၂၀၂၅(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၁၀:၀၀ | Grade - 10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၀၅ | Grade - 10 | သင်္ချာ၊ ဓာတုဗေဒ |
| ၃။ | ၁၆:၀၀ - ၁၈:၂၅ | Grade - 10 | ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၂၅ - ၁၉:၁၅ | Grade - 10 | သမိုင်း၊ ဘောဂဗေဒ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၂၅(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၂၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၃၀ | အမှတ်တရနေ့ရက်များ |
| ၄။ | ၁၀:၄၅ | လူသားတို့နှင့်ဆိုက်ဘာအန္တရာယ် |
| ၅။ | ၁၄:၀၀ | အိုဘယ့်သခင်တေးနယ်ဉ် |
| ၆။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇။ | ၁၇:၀၀ | အင်္ဂလိပ်စာသုတ |
| ၈။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၉။ | ၁၈:၃၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၀။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၁၁)** |
| ၁၁။ | **ည ၈ နာရီ သတင်း အပြီး** | မျှဝေဆွေးနွေး အနာဂတ်အရေး |
| ၁၂။ | | မေးမြန်းစူးစမ်း |

# အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောခြင်းနှင့် ဝူရှူးအားကစားသရုပ်ပြသခြင်း အခမ်းအနားကျင်းပ



စလင်း အောက်တိုဘာ ၂၄


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ဝူရှူးအားကစားသရုပ်ပြသခြင်းအခမ်းအနားကို ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် စလင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦးက အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအကြောင်းနှင့် တက်ရောက်နိုင်မည့်အသေးစိတ်အချက်အလက်များကို ဆွေးနွေးဟောပြောပြီး ကိုယ်လုံပညာသင်တန်းမှ ဝူရှူးအားကစားကျောင်းသား ထက်ဦးယံက ဝူရှူးအားကစားဖြင့် သရုပ်ပြသခဲ့ကာ ဝူရှူးအားကစားကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဆင့်ကမ်းအခြေခံသဘောတရားများကို သင်ကြားပြသခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြည့်ရှုအားပေးကြပြီးနောက် ဝူရှူးအားကစားကျောင်းသား ထက်ဦးယံအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# ကျောင်းသား ကျောင်းသူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ကြံခင်း အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးလုပ်ငန်းများကို အခြေခံပညာမူလတန်းကျောင်း (မြို့မမြောက်) ၌ အောက်တိုဘာလ ၂၄ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးတင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာများကို ဖွဲလုံ့လဝီရိယထား၍ ကြိုးစားသင်ယူမှတ်သားကာ ရပ်ရွာအကျိုး၊ နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သည့် သားကောင်းရတနာများဖြစ်လာစေရန် မျှော်လင့်ကြောင်း အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က စာဖတ်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီးနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မေသဇင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကလေးအလုပ်သမားအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဂိမ်းပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ သုတ၊ ရသစာအုပ်စာစောင်ပြပွဲ၊ မူးယစ်အန္တရာယ် တို့ကာကွယ် အသိပညာပေးနံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ကြံခင်း)**

# ရန်ကုန်မြို့၌ (၁၀)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း AMAUT (Association of Myanmar Alumni from Universities in Thailand)မှ ကြီးမှူး၍ (၁၀) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ 10th Thailand Education Fair (Myanmar) ကို ရန်ကုန်မြို့ရှိ ထိုင်းသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် နိုဝင်ဘာလ ၂ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော်တက္ကသိုလ် ၂၂ ခုမှ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်တည်းရယူနိုင်မည်ဖြစ်သည်။

အဆိုပါပညာရေးပြပွဲသို့ မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး From Study to Success: Future-Ready Skills၊ Career Pathways and Scholarship Opportunities in Thailand အကြောင်းတို့ကို AMAUT မှ တာဝန်ရှိသူတို့က ဆွေးနွေးမည်ဖြစ်သည်။

ပြပွဲသို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊ International students with O level၊ A level၊ တက္ကသိုလ်တက်ရောက်နေသူများ၊ မဟာဘွဲ့တက်ရောက်လိုသူများ၊ ပါရဂူဘွဲ့တက်ရောက်လိုသူများ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# စဉ့်ကိုင်မြို့နယ်၌ ဆေးရောင်ခြယ်ပြိုင်ပွဲ သုတ / ရသ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



စဉ့်ကိုင် အောက်တိုဘာလ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်း (ကသဲစု) တို့ ပူးပေါင်း၍ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သုတ၊ ရသ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာလ ၂၃ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များအား ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ၂၀၂၅ -၂၀၂၆ ခုနှစ် ကြံရာသီ သကြားစက်ရုံများမှ တောင်သူများ စိုက်ပျိုးထွက်ရှိသမျှကြံအားလုံးကို ဝယ်ယူကြိတ်ခွဲနိုင်ရေးဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၅-၂၀၂၆ ခုနှစ် ကြံရာသီတွင် ပြည်တွင်းရှိ သကြားစက်ရုံ ၂၉ ရုံ အနေဖြင့် တောင်သူလယ်သမားများစိုက်ပျိုးထွက်ရှိသမျှကြံအားလုံးကို ဝယ်ယူကြိတ်ခွဲသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၄၃)အစည်းအဝေးခန်းမ၌ ကျင်းပသည့်ဆွေးနွေးပွဲမှသိရသည်။

ထို့ပြင် ခုတ်သိမ်းသောကြံများကို စက်ရုံသို့အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်သယ်ယူနိုင်ရေး၊ သကြားစက်ရုံများနှင့် ကြံစိုက်တောင်သူများ ကန်ထရိုက်(Contract Farming)စနစ်ဖြင့် စိုက်ပျိုးဝယ်ယူကြိတ်ခွဲနိုင်ရေး၊ သကြားစက်များပြုပြင်မွမ်းမံခြင်း၊ စက်စွမ်းအားမြှင့်တင်ခြင်း၊ ခေတ်မီစက်များဖြင့် ပြောင်းလဲတပ်ဆင်ကြိတ်ဝါးခြင်းဖြင့် သကြားထွက်နှုန်းတိုးတက်ရေးနှင့်ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သကြားထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးကောင်းကြံမျိုးများ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကြံပင်များ၌ အချိုဓာတ်ပြည့်ဝချိန်တွင် မှန်မှန်ကန်ကန်ခုတ်သိမ်းနိုင်ရန်နှင့်ရိတ်သိမ်းချိန်လွန်ကာလ လေလွင့်ဆုံးရှုံးနိုင်သည့်အချက်များကို တောင်သူများဂရုပြုလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကြံပင်၏ အရင်း၊ အလယ်၊ အဖျားတို့၏ အချိုဓာတ်ပါဝင်မှု (Brix) ရာခိုင်နှုန်းကို Hand Refrometer ဖြင့် တိုင်းတာ၍ အချိုဓာတ်အများဆုံးအချိန် ခုတ်သိမ်းရန်နှင့် ကြံခုတ်သိမ်းပြီးပြီးချင်း သယ်ယူကြိတ်ဝါးနိုင်ခြင်းဖြင့်ကောင်းမွန်သော သကြားထွက်နှုန်းရရှိမည်ဖြစ်၍ ခုတ်သိမ်းချိန်မှန်မှန်ကန်ကန်နှင့် သယ်ယူကြိတ်ခွဲရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်း သကြားစက်ရုံပေါင်း ၂၉ ရုံရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကြံတန်ချိန် ၅၃၇၉၅၇၇ တန် ကြိတ်ဝါးနိုင်ခဲ့ကာ သကြားအထွက် ၅၄၃၆၆၃ တန်၊ တင်လဲရည်၂၆၁၈၉၅ တန် ထွက်ရှိခဲ့ကြောင်း သိရသည်။ **မြဝတီ**

# လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၄၇) သင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းသည် ဘွဲ့လွန်သင်တန်းတစ်ခုဖြစ်ပြီး စာရင်းပညာရှင်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေးလေ့ကျင့်သင်ကြားပေးသည့် သင်တန်းတစ်ခုလည်းဖြစ်ကြောင်း၊ သင်တန်းမှပို့ချသည့်ဘာသာရပ်များသည် သင်တန်းသားများ၏ ဘဝရပ်တည်ရေးအတွက် အထောက်အကူဖြစ်စေမည့် သာမက နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ပါ လက်တွေ့အသုံးချနိုင်သည့် ပညာရပ်လည်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်ရာ၌ သင်ကြားထားသည်များသာမက စာရင်းပညာနယ်ပယ်၏အသစ်ဖြစ်ပေါ်တိုးတက်မှုများ၊ နည်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး ကျင့်ဝတ်၊ စည်းကမ်းများကိုလိုက်နာသည့် စာရင်းပညာရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ စာရင်းကိုင်-၂ ဦးစန်းမင်းထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အရည်အချင်းစစ်စာမေးပွဲကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်ပြီး ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများနှင့် ကိုယ်တိုင်လေ့လာဖြေဆိုမည့်သူများ အပါအဝင် နေပြည်တော်တွင် ၄၄ ဦးနှင့် ရန်ကုန်တွင် ၂၀၆ ဦး စုစုပေါင်း ၂၅၀ ဦးဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့်သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး (၃/၂၀၂၅)ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး (၃/၂၀၂၅) ကိုယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ နေပြည်တော်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့်ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများက ချေးငွေလျှောက်ထားမှုများအပေါ် လိုအပ်ချက်များကိုတင်ပြခဲ့ပြီး မူဝါဒများကို ရန်ပုံငွေလုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကာ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ချေးငွေများစိစစ်ရာတွင် မြန်ဆန်မှန်ကန်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် တာဝန်ရှိသူများ သတ်မှတ်ထားရှိပေးရန် တို့နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြပြီး ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ (၅၃) ကြိမ်မြောက် ASEAN Banking Council အစည်းအဝေးနှင့် (၂၄) ကြိမ်မြောက် ASEAN Banking Conference တို့ကို နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ဆွေးနွေးကြသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ပုဂ္ဂလိကဘဏ်များမှ CEO များနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံတွင် အလှည့်ကျလက်ခံကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ကြိုတင်ပူးပေါင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ **မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၁၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၈၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်





ရန်ကုန် အောက်တိုဘာ ၂၄

အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကျော်ဟိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အောက်မြန်မာပြည်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များ၊ ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်မှုများ၊ အငြင်းပွားမှုများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးဖလှယ်ခြင်းဖြင့် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များအတွက် ရလဒ်ကောင်းများထွက်ပေါ်လာစေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊အငြင်းပွားမှုများလျော့နည်းမှသာ ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာမည်ဖြစ်သည့်အတွက် လုပ်ငန်းခွင်အတွင်း အခက်အခဲများ၊ လိုအပ်ချက်များကို အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)ဖြင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့ဖြင့် အဆင့်ဆင့် အဆုံးအဖြတ်ခံယူခြင်းများ ပြုလုပ်ရမည် ဖြစ်ပြီး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အတွင်း စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC) ဖွဲ့စည်း ပြီးစီးမှုများနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ ယုံကြည်အားထားမှုရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ပြောကြားပြီးနှီးနှောဖလှယ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) အခမ်းအနားသို့တက်ရောက်၍ အလုပ်အကိုင် အခွင့်အလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၉၀ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ကို ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းအလုပ်အကိုင်များရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များကို ၂၀၁၂ ခုနှစ်မှစ၍ ပြုလုပ်ခဲ့ရာ စုစုပေါင်း အကြိမ် ၈၀ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်လာရောက်လျှောက်ထားသူများနှင့် ပြပွဲတွင်ပါဝင်ပြသသော ကုမ္ပဏီများ၊ လုပ်ငန်းများမှ ပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းအမှတ်စဉ် (၂/၂၀၂၅) သင်တန်းဖွင့်လှစ်ပို့ချနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဓိကလမ်းမကြီးများနှင့် ဝဲ/ယာများတွင် လမ်းနယ်အတွင်းကျူးကျော်မှုများ ဖယ်ရှားရှင်းလင်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဓိကလမ်းမကြီးများနှင့် ဝဲ/ယာများတွင် လမ်းနယ်အတွင်း ကျူးကျော်မှုများ ဖယ်ရှားရှင်းလင်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများတက်ရောက်ကြသည်။



ဦးစွာနေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေနေပြည်တော်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတကာအဆင့်မီမြို့တော်ကြီးဖြစ်စေရန် Green City၊ Clean City၊ Smart City သုံးရပ်အတိုင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်သောမြို့တော်ကြီး ဖြစ်စေရန်အတွက် အဘက်ဘက်မှ ဘက်စုံ၊ ကဏ္ဍစုံ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီမြို့တော်ဖြစ်အောင် ဘက်စုံကဏ္ဍစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အချိန်တွင် မြို့တော် အင်္ဂါရပ်များနှင့် မညီညွတ်သည့် မြို့တော်အဆင့်ဂုဏ်ပြရုပ်ကို ထိခိုက်စေသည့် လမ်းနယ်နိမိတ်အတွင်းနှင့် လမ်းနယ်နိမိတ်ပြင်ပကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့် ရွာအဝင်လမ်းများကို လုပ်ထုံးလုပ်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖယ်ရှားရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းနယ်နိမိတ်အတွင်း ကျူးကျော်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ထုတ်ပြန်ထားသော သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဖယ်ရှားရှင်းလင်း ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြရန် လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများမှ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

# လှိုင်ကော်တက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ် အဝေးသင်(စာပေးစာယူ) စာမေးပွဲ အေးချမ်းစွာဖြေဆို



လှိုင်ကော် အောက်တိုဘာ ၂၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ၏ စာမေးပွဲကို နိုင်ငံတစ်ဝန်း၌ ယနေ့နံနက်ပိုင်းမှ စတင်ဖြေဆိုလျက်ရှိရာ လှိုင်ကော်တက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများက ဝိဇ္ဇာအထူးပြု ဘာသာရပ်များဖြစ်သည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာနှင့် ဥပဒေဘာသာရပ်များကို အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

လှိုင်ကော်တက္ကသိုလ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အောက်တိုဘာလ ၁၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဒုတိယအသုတ် အနီးကပ်သင်တန်းကာလကို အောက်တိုဘာလ ၁၃ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချခဲ့ပြီး စာမေးပွဲကို အောက်တိုဘာလ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ ၃၉၄ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ခင်စောတင့်**

# ကုန်ထုတ်လုပ်မှုတိုးတက်ရေး အလုပ်သမားအရေးကြိုးစားပေး

ထက်ဝေအောင်(စစ်ကိုင်း)

ယနေ့ကမ္ဘာကြီးသည် အချိန်နှင့်အမျှပြောင်းလဲနေပြီး ခေတ်မီဖွံ့ဖြိုးသောနိုင်ငံများအဖြစ်ကူးပြောင်းရာတွင် လူသားအရင်းအမြစ်၏အကူအညီသည် မရှိမဖြစ်ထိပ်ဆုံးက လိုအပ်နေဆဲဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်တည်းဟူသော လုပ်သားအင်အားတစ်ရပ်သည် မပါမဖြစ်ပါဝင်နေသည်ကို တွေ့ရသည်။ နည်းပညာဖြင့်လုပ်သားအစားထိုးဆောင်ရွက်လာသော်လည်း လူသားများ၏ဖြတ်ထိုးဉာဏ်၊ လုပ်ငန်းပိုင်းဆိုင်ရာအလေ့အကျင့်များကို ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးမည်သာဖြစ်သည်။ သို့ဖြစ်၍ လူသားတစ်ယောက်၏စွမ်းရည်ကို လေးစားတန်ဖိုးထားကြရမည်ဖြစ်သည်။ လူသားတို့၏တီထွင်ဖန်တီးနိုင်စွမ်းကိုဂုဏ်ပြုကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုစီးပွားဘဝပြည့်စုံရေး ဦးတည်ဆောင်ရွက်ရာတွင် လုပ်သားစွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိဉာဏ်ပညာနှင့် ကြိုးစားဆောင်ရွက်မှုကိုဖြစ်စေသော လေ့ကျင့်သင်ကြားပေးမှုကိုအခြေခံလျက်ရှိသည်။

အလုပ်သမားအများစုသည် လုပ်ခလစာကိုအခြေခံပြီး လုပ်ခလစာတိုးမြှင့်ရရှိရေး၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးတောင်းဆိုသံများ ပေါ်ထွက်စမြဲဖြစ်သည်။ အနည်းဆုံးအခကြေးငွေသည် မိသားစု ဘဝ စားဝတ်နေရေးဖြေရှင်းနိုင်သည့်အနိမ့်ဆုံးလုပ်ခကို ဆိုလိုခြင်းဖြစ်သည်။ အနည်းဆုံးအခကြေးငွေသည် ပုံမှန်အလုပ်ချိန်အပေါ် မူတည်သတ်မှတ်ထားသောနှုန်းထားလည်းဖြစ်သည်။ အလုပ်ရှင်နှင့်အလုပ်သမားတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သဘောမှီခိုလျက်ရှိပြီး တစ်ဦးအကျိုးစီးပွားကို တစ်ဦးကဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် အပြန်အလှန်အထောက်အကူပြုသည့်ပုံစံဖြစ်သည်။ ယင်းတို့အကြား အပြန်အလှန်ကိုယ်ချင်းစာနာစိတ်ဖြင့် လုပ်ခလစာနှင့် စေတနာလဲလှယ်သော လုပ်ငန်းခွင်မပျက်ညှိနှိုင်းဆွေးနွေးခြင်းများသည် နှစ်ဦးနှစ်ဖက်အတွက် ငြိမ်းချမ်းရေးအသွင်ဆောင်ခြင်းဖြစ်သဖြင့် အလုပ်ရှင်နှင့်အလုပ်သမားကြားရှိ ဆက်ဆံရေးတစ်ရပ်အဆင်ပြေချောမွေ့မှုရှိရန် လိုအပ်ပေသည်။ အလုပ်သမားများ၏ထိုက်တန်သောလုပ်ခလစာရရှိမှုနှင့် အလုပ်ရှင်များ၏ရေရှည်အကျိုးအမြတ်ဖြစ်မှုသင့်တင့်မျှတမှုရှိမှသာ အလုပ်ခွင်တည်ငြိမ်အေးချမ်းစေမည်ဖြစ်သည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနယ်ပယ်တိုင်းတွင် လူသားအရင်းအမြစ်ကို ကောင်းစွာအသုံးချရေးမှာ လွန်စွာအရေးကြီးသည်။ ထို့အတူ ကုန်ထုတ်လုပ်မှုကဏ္ဍများကို ဦးဆောင်နေသည့်အလုပ်သမားများ၏လူမှုဘဝဖူလုံမှုသည် ဘဝအနာဂတ်လင်းရောင်ခြည်ပင်ဖြစ်သည်။ တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ်ရေရှည်တည်တံ့ရေးအတွက် ဘေးကင်းလုံခြုံသောလုပ်ငန်းခွင်များ ဖန်တီးကြရမည်။ အလုပ်ရှင်များ၏တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အသိအမြင်များသည် အရေးကြီးလွန်းလှသည်။ နှစ်ဦးနှစ်ဖက် ချင့်ချိန်တွက်ဆမှုသည် အကျိုးမဲ့၊ အကျိုးဖြစ်ထွန်းသောလုပ်ရပ်များလည်းဖြစ်သည်။ ဘေးကင်းလုံခြုံသောလုပ်ငန်းခွင်များဖန်တီးကြရာတွင် ပုံမှန်အလုပ်လုပ်ခွင့်ရှိသည့်အသက်အရွယ်ကို သတိပြုရမည်။ ဥပဒေအရသတ်မှတ်ထားသည့် အသက်ပြည့်မီမှသာ အလုပ်ခွင်ဝင်ရောက်ရန်ဖြစ်သည်။ သတ်မှတ်ထားသည့်အသက်အောက်ရောက်ရှိနေသည့် ငယ်ရွယ်သူများကို အလုပ်လုပ်ခွင့်မပေးဘဲ အလုပ်ခွင်စည်းကမ်းအတိုင်း တိတိကျကျလိုက်နာရမည်ဖြစ်သည်။

**➲ လုပ်ငန်းခွင်အတွင်း အလုပ်သမားများအချိန်မတိုင်မီ သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ရောဂါတစ်မျိုးမျိုးခံစားရခြင်းများ မဖြစ်စေရန် လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးဆိုင်ရာ ရပိုင်ခွင့်များကို အလုပ်ရှင်ဘက်မှစီစဉ်ဆောင်ရွက်ပေးရပြီး လုပ်သားများဘက်မှလည်း လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရန် လိုအပ် . . .**

လုပ်ငန်းခွင်အတွင်း အလုပ်သမားများအချိန်မတိုင်မီသေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ရောဂါတစ်မျိုးမျိုးခံစားရခြင်းများမဖြစ်စေရန် လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ကျန်းမာရေး၊ သက်သာချောင်ချိရေးဆိုင်ရာရပိုင်ခွင့်များကို အလုပ်ရှင်ဘက်မှစီစဉ်ဆောင်ရွက်ပေးရပြီး လုပ်သားများဘက်မှလည်း လုပ်ငန်းခွင်ဘေးကင်းရေး၊အလုပ်သမားများ၏ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်သည်။ လုပ်ငန်းခွင်မတော်တဆမှုနှင့်ရောဂါဖြစ်ပွားမှုလျှော့ချရေးဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားများမှမှန်ကန်သော အသိအမြင်၊ အတွေးအခေါ်ဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် လိုအပ်သည်။ ထို့အတူပင် အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များမြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲများကို အခါအားလျော်စွာကျင်းပပေးခြင်းဖြင့် ဘေးကင်းလုံခြုံသောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိကလိုအပ်လျက်ရှိသည့် ကျွမ်းကျင်အလုပ်သမားများ၏အခန်းကဏ္ဍသည် ထိပ်ဆုံးကအရေးပါလာခဲ့သည်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုပေါ်ပေါက်ရရှိရန်လိုအပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်သမားလိုအပ်ချက်ပြည့်မီရေး ရွှေ့ပြောင်းအလုပ်သမားလိုအပ်မှုအရေအတွက်မှာ စဉ်ဆက်မပြတ်တိုးပွားလာဖွယ်သာရှိသည်။ နိုင်ငံတစ်နိုင်ငံမှတစ်နိုင်ငံသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြသဖြင့် အလုပ်သမား၊ အလုပ်ရှင်နှစ်ဖက်စလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသော အကျိုးအမြတ်များရရှိစေနိုင်သည်။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် ပွင့်လင်းမြင်သာရှိသည့်ခေတ်ကိုအမီလိုက်လျက် တစ်ဟုန်ထိုးတိုးတက်နေသော အလုပ်သမားများ၏စီးပွားရေးအရွေ့ပင်ဖြစ်သည်။ ကမ္ဘာကြီးသည် ခေတ်မီတိုးတက်ခြင်းဖြင့် စက်မှုနည်းပညာနယ်ပယ်အသီးသီးကို ကျော်လွှားရောက်ရှိသည့်တိုင် အသိဉာဏ်ရှိသောလူ့စွမ်းအားအရင်းအမြစ်များကို အသုံးပြုနေရဆဲဖြစ်သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများတိုးတက်လာခြင်းကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာပမာတည်ရှိလာခဲ့သည်။ နည်းပညာနယ်ပယ်အသီးသီးတွင်လည်း စက်ကိုထိန်းချုပ်နိုင်သည့် လူသားအကူအညီများ၊ ကျွမ်းကျင်အလုပ်သမားများ၏စွမ်းပကားများမှာ လိုအပ်နေဆဲဖြစ်သည်။

သို့ဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ရေးသတင်းအချက်အလက်၊ အသိပညာများကျယ်ပြန့်စွာသိရှိနားလည်ရန်လိုအပ်လှသည်။ အလုပ်သမားများသည် မသိနားမလည်သဖြင့် တရားမဝင်အလုပ်သမားစေလွှတ်ရေးအေဂျင်စီများနှင့် အလုပ်ပွဲစားများကို ဆက်သွယ်ကြလေ့ရှိသဖြင့် အလိမ်ခံရနိုင်ဖွယ်ရှိကြောင်း သတိပြုကြရမည်၊ အလုပ်သမားစေလွှတ်ရေးအေဂျင်စီများမှလည်း လူစုဆောင်းမှုအစီအစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရမည်။ သို့မှသာ ရွှေ့ပြောင်းအလုပ်သမားများအတွက် ခေါင်းပုံဖြတ်မှုကင်းဝေးခြင်း၊ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ခြင်း အစရှိသော တရားမျှတမှုများရရှိစေမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာမှုလုံခြုံရေး၊ အလုပ်သမားဥပဒေပါအတိုင်း ခံစားခွင့်များရရှိရေးမှာ လွန်စွာအရေးကြီးလှသည်။

အလုပ်သမားအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများသည် အလုပ်သမားအခွင့်အရေးများချိုးဖောက်ခံရမှုကို စောင့်ကြည့်ခြင်း၊ အသိပညာပေးခြင်း၊ ဥပဒေကြောင်းအရ အကူအညီပေးခြင်းဆိုင်ရာ အလုပ်သမားများအတွက်အထောက်အကူပြုသူများသာဖြစ်သည်။ အလားတူ အလုပ်သမားအခွင့်အရေးလေးစားလိုက်နာမှု၊ အလုပ်ရှင်နှင့်အလုပ်သမားများ ညီညွတ်ရေးကို ရေးရှုဆောင်ရွက်မှုတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမှုကိုဖြစ်စေသည်၊ အလုပ်သမားများ၏ တရားဝင်အကျိုးစီးပွားများကိုကာကွယ်ရန် ဖွဲ့စည်းဆောင်ရွက်မှုကို အသိအမှတ်ပြုရမည်ဖြစ်သော်လည်း မှန်ကန်သောနည်းလမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းသိမ်းတည့်မတ်နိုင်မှသာ နိုင်ငံ့စီးပွားရေး မယိမ်းမယိုင်တည်ရှိစေမည်ဖြစ်သည်။ တာဝန်ယူမှုရှိသည့်အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရုံ၊ စက်ရုံများရှိ ဝန်ထမ်းများအရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အစဉ်သဖြင့် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

နိုင်ငံတကာစီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများ လာရောက်ရင်းနှီးမြှုပ်နှံပါက ကုန်ထုတ်လုပ်မှုကဏ္ဍများ ပိုမိုတိုးတက်လာနိုင်ပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့်စီးပွားရေးအလားအလာကောင်းများ ပိုင်ဆိုင်ရရှိနိုင်မည်ဖြစ်သည်၊ တည်ငြိမ်မှုရှိသော ကုန်ထုတ်လုပ်မှုဂေဟစနစ်တစ်ရပ်သည် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်တရားဥပဒေစိုးမိုးမှုအပေါ်တွင် တည်မှီနေသည်။ တာဝန်ယူမှုရှိသော အလုပ်သမားအဖွဲ့အစည်းများကို ထောက်ပံ့ကူညီပေးခြင်းနှင့်တရားမဝင်အဖွဲ့အစည်းများကို ထိရောက်စွာအရေးယူခြင်းသည် နိုင်ငံ၏ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတိုးတက်မှုနှင့် လူမှုသဟဇာတဖြစ်မှုကိုဖြစ်စေသည်။ မြန်မာနိုင်ငံသည် အလုပ်သမားများ၏တရားဝင်အခွင့်အရေးများကို အလေးထားကာကွယ်မှုနှင့် လူမှုတည်ငြိမ်ရေးကိုထောက်ပံ့ပေးစွမ်းသည့်တရားဝင်အလုပ်သမားအဖွဲ့အစည်းများ၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍများကိုအသိအမှတ်ပြုပြီး အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်းနှင့် ရေရှည်တည်တံ့သောအလုပ်သမားအရေးတိုးတက်မှုရယူခြင်းကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် စီးပွားရေးရည်မှန်းချက်များနှင့်ကဏ္ဍစုံမျှတအောင် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံသားများ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးမြှင့်ရေးကိုအင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ အမှန်တကယ် အလုပ်လိုအပ်နေသူများကို အလုပ်ခန့်ထားပေးနိုင်မှုသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲမှုတိုက်ဖျက်ရေးအား အလေးထားခြင်းပင်ဖြစ်သည်။ အလားတူ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏လုပ်ငန်းကျွမ်းကျင်မှုများသည် လွန်စွာအရေးပါသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊နည်းပညာ၊ အရင်းအနှီးများပိုမိုရရှိစေရေး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများစွာကိုဖိတ်ခေါ်လျက် ကုန်ထုတ်လုပ်မှုကဏ္ဍများပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျအသုံးချလျက်ရှိရာ အဓိကအင်အားတစ်ရပ်ဖြစ်သည့် အလုပ်သမားများ၏အခွင့်အရေးအပြည့်အဝရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုပေါ်ပေါက်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများပေးရေး၊ တတ်မြောက်ထားသည့် အတတ်ပညာ၊ အတွေ့အကြုံများကို ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်များတွင် အသုံးချနိုင်ရေး ဥပဒေနှင့်အညီဆောင်ရွက်ပေးလျက်ရှိသည်။ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အတွင်းဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ပေးရေး၊ လူမှုဖူလုံရေးစနစ်အပြည့်အဝရရှိရေးကဲ့သို့ အခြေခံအခွင့်အရေးများရရှိရေးအတွက်ဥပဒေရေးရာမူဘောင်များမြှင့်တင်ရန်၊ ပွင့်လင်းမြင်သာမှုရှိသော အငြင်းပွားမှုများဖြေရှင်းပေးခြင်းလုပ်ငန်းများ မြှင့်တင်ရန်နှင့် တရားဝင်အလုပ်သမားများ၏ ရပိုင်ခွင့်ဆိုင်ရာတောင်းဆိုမှုနှင့်အန္တရာယ်ရှိသော တရားမဝင်လှုပ်ရှားမှုများကို ခွဲခြားသိမြင်နိုင်စေရန် အလုပ်သမားများအရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အလုပ်ရှင်၊ အလုပ်သမားလုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စွာဖြင့် စံချိန်မီထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည့်အပြင် နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်းလျက် ဂုဏ်သိက္ခာရှိသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောလုပ်ငန်းခွင်များအဖြစ် ရေရှည်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူ နေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူ နေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိတပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် ၂၀၂၅ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် ၂၀၂၅ (Global Media and Information Literacy Week–2025) အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပုဗ္ဗသီရိမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသီတာတင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူး ဒေါက်တာကျော်လွင်၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ စာအုပ်များပေးအပ်လှူဒါန်း၍ အသိပညာပေးဟောပြောသည့် ဒေါက်တာကျော်ကျော်လင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာဝေဖန်သုံးသပ်ခွဲခြားသည့် ပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Webpage တွင် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာရက်သတ္တပတ် (Global Media and Information Literacy Week–2025) အထိမ်းအမှတ် မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ပညာပေး content လွှင့်တင်ထားရှိမှုအား မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးတို့က ဖွင့်လှစ်ကြသည်။

ယင်းနောက်ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာကျော်ကျော်လင်းက Artificial Intelligence (AI) နည်းပညာဖြစ်ပေါ်လာပုံ၊ MIL in Myanmar Transition၊ နည်းပညာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့သည်။



ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုနှင့် AI နည်းပညာ၏ အရေးပါပုံနှင့်စပ်လျဉ်း၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားကြပြီးအဖြေမှန်ရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ ရတနာထွန်း

# သီပေါမြို့၌ အမှတ်(၂) အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းတို့အား ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။



သီပေါမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား ကျောင်းအပ်နှံခြင်းဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့၌ ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံးပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာလ ၂၂ ရက်တွင်လည်းကောင်း၊ ယနေ့တွင် အမှတ်(၂) အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့ကိုလည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ၃ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၇၅ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၂၃၀ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။



သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



သီပေါမြို့ ပြည်သူ့ဆေးရုံ၌ တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၄ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၂ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့အား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ပညာသင်ချီးမြှင့်ငွေ၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ပညာသင်ချီးမြှင့်ငွေ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၂၈၁၅ ဦးအတွက် ပညာသင်ချီးမြှင့်ငွေ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကျောင်းသားတစ်ဦးအား ပညာသင်ချီးမြှင့်ငွေ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။






၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအား ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသန့်ရှင်းဆုံးဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ ၂၀၂၅ ခုနှစ်၊ (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိနိုင်ရေး အပြန်အလှန် ထိုးဖောက် တိုက်စစ်ဆင်ခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန် ပထမပိုင်းပြီးဆုံးချိန်တွင် ဂိုးမရှိသရေ ရလဒ်သာထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သဖြင့် အချိန်ပိုပွဲကစားချိန်ကို ဆက်လက်ကစားခဲ့ကြရာ အချိန်ပိုပွဲကစားချိန် ပထမပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းက အဖိုးတန်အနိုင်ဂိုးကိုသွင်းယူနိုင်ခဲ့သဖြင့် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုအပြီးတွင် ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပပြုလုပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကိုလည်းကောင်း၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ၂၀၂၅ ခုနှစ်၊ (၆၂) ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အသန့်ရှင်းဆုံးဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူး ရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်း အောင်ပွဲခံနေမှုကိုတွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing presents prizes at the final and prize-giving ceremony of the 62nd Commander-in-Chief of Defence Services' Trophy Tatmadaw (Army, Navy and Air) Football Tournament for 2025



Senior General Min Aung Hlaing and Daw Kyu Kyu Hla watch the final match.

NAY PYI TAW October 24

Final and prize-giving ceremony of the 62nd Commander-in-Chief of Defence Services' Trophy Tatmadaw (Army, Navy and Air) Football Tournament for 2025 was held at Zeyathiri Tatmadaw Sports Stadium in Nay Pyi Taw this evening. Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing watched the match and presented prizes.



Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing presents cash award to Camp Commandant Office.



The final match in progress.

Also present together with the Senior General were wife, Daw Kyu Kyu Hla, SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, union level dignitaries, union ministers and wives, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, officers, other ranks and families of office/department of the Office of the Commander-in-Chief (Army, Navy and Air), officers, other ranks and families of battalions and units under the command of Nay Pyi Taw Command, trainees of Tatmadaw Football Academy, invited guests and members of the competing teams.

Teams from the Camp Commandant Office of the Office of the Commander-in-Chief (Army) and Yangon Command played in the final. The two finalists exerted best efforts to attack one another and score the opener, but first-half ended in a goal-less draw.

In the second also, both teams put pressure on each other, but they failed to change the result till the final whistle. The football match continued and the Camp Commandants Office team got the winning goal in the first half and won the final.

The final match ended, followed by the prize-presentation ceremony. Quartermaster General Lt-Gen Zaw Hein presented medals and cash awards individually to the position-wise best player award winners and player of the tournament award winner, Chairman of Tatmadaw Sports and Physical

See Page - 21►►

# Farmers harvest more than 10,000 acres of sesame in Sagaing Township



SAGAING October 24

According to Sagaing Township Agriculture Department, local farmers have harvested more than 10,000 acres of sesame planted as monsoon crops in Sagaing Township of Sagaing Region.

They planted 24,727 acres of sesame in the township, and so far they have harvested 10,128 acres of crops, yielding more than 10 baskets per acre.

U Myo Thant Aung, the Head of Sagaing Township Agriculture Department said: "This year, farmers planted 24,727 acres of sesame in Sagaing Township. They have reaped more than 10,000 acres of crops and harvesting is in progress. They exceeded cultivation of sesame more than the target plantations. Staff of the department provided aid for local farmers to expand sown acreage of crops with high yield and GAP system."

This year, officials of the township department distributed agricultural techniques to local farmers to expand sown acreage of sesame, use of GAP system and quality seeds.

The crops planted in GAP system can have high quality of crops than other crops, fetch larger prices and chances to sell it at both local and foreign markets. Hence, local farmers can enjoy better benefits in cultivation of crops planted in GAP system to improve their socioeconomic life.

**SK**

# Pwintbyu Township produces more than 3,500 viss per acre of vegetables

PWINTBYU October 24

Local farmers have harvested 480 acres of vegetables planted in Pwintbyu Township of Magway Region this monsoon, and more than 3,500 viss of vegetables could be produced, according to the statistics of Pwintbyu Township Agriculture Department.

In Pwintbyu Township, a total of 1,865 acres of various vegetables were cultivated during this year's monsoon crop season to help ensure local food security. Harvesting of these vegetable fields began in August, and so far, 480 acres have been harvested, yielding 3,525 viss per acre.

During the monsoon crop season, the Township Department of Agriculture supported local vegetable farmers through technical training on GAP (Good Agricultural Practices) to improve yields and ensure safe, high-quality produce. Assistance was also provided in expanding cultivated acreage, distributing quality seed varieties, and sharing knowledge on pest prevention.

If vegetable cultivation is carried out to achieve higher and better yields, it will not only ensure sufficient local food supply but also allow surplus crops to be marketed, generating income and improving socio-economic livelihoods. Therefore, expansion of vegetable cultivation should be pursued across different regions, Daw Moe Moe Wai added.

**SK**

# Kyunhla Township to grow more than 13,000 acres of groundnut in coming cold season

KYUNHLA October 24

Statistics of Kyunhla Township Agriculture Department stated that local farmers will cultivate more than 13,000 acres of groundnut as cold season crops in Kyunhla Township of Sagaing Region.

In 2025-2026 cultivation season, local authorities earmarked cultivation of 13,896 acres of groundnut in Kyunhla Township. Local farmers will start cultivation of groundnut in October till December.

Daw Myint Myint Yi, the Head of the Township Agriculture Department stated: "We have earmarked cultivation of more than 13,000 acres of groundnut in coming cold season. We will help local farmers meet the target cultivation. It is expected to successfully thrive oil crops in the township. Sown acreage of the crops is on the rise yearly."



It is necessary to use 1.5 baskets of groundnut seeds per acre in Kyunhla Township, and farmers need to cost more than Ks-200,000 per acre of charges including quality seeds, labour charge, fertilizers and pesticides but it can yield more than 50 baskets of groundnut per acre.

Staff members of the township department will make field trips to inspect groundnut plantations to thrive the crops, prevent pests and weed the plantations in addition to setting records of crops.

**SMK**

# ChaungU Township completes harvest of more than 1,000 acres of green gram

CHAUNGU October 24

Local farmers have harvested more than 1,000 acres of green gram in ChaungU Township of Sagaing Region this year, according to the township Agriculture Department.

They planted 10,979 acres of green gram in ChaungU Township this year. They started harvest of crops in August this year, and have reaped 1,627 acres of green gram, yielding 18.41 baskets of crops per acre.

U Tint Swe, the Head of ChaungU Township Agriculture Department commented: "Local farmers placed 10,979 acres of croplands under green gram this year. Now, farmers are harvesting the crops. They have so far harvested more than 1,000 acres of crops. Our department shares agricultural knowledge with local farmers for expanding the sown acreage of crops and use of quality seeds for ensuring high yield of crops."

This year, officials of the Township Department raised farmers awareness of using quality seeds of crops, correct agricultural techniques, prevention of pests, systematic use of fertilizers and ensuring high yield of crops.

Officials of the township department cooperate with local farmers in rising the per-acre yield of crops and use of quality seeds, agricultural inputs and post-harvest technology.

**SMK**

# Russia's Dmitriev says he anticipates closed-door meetings during trip to US

NEW YORK October 24

Kirill Dmitriev, Russia's special presidential envoy for economic cooperation, said on Friday that although he cannot reveal the names of those he plans to meet in the US, he anticipates closed-door discussions, with one meeting potentially being public.

"We will not disclose specific details about our meetings. We will engage with several representatives of the [Trump] administration, and while one meeting will be made public, most discussions will take place behind closed doors, focusing on how to continue the dialogue [between Russia and the US] with respect for Russia's interests," Dmitriev told reporters.

Sanctions and other unfriendly measures against Russia have "absolutely no impact" on the Russian economy but will result in higher energy prices for American consumers, the head of the Russian Direct Investment Fund (RDIF) and Russian special presidential envoy for economic cooperation with foreign countries, Kirill Dmitriev, said.

"We will continue dialogue with the US side and will continue to make clear the Russian position that its national interests must be respected and that sanctions and unfriendly measures have absolutely no impact on the Russian economy. They will simply lead to higher prices at gas stations in the United States. Because prices on the oil markets have already risen and will continue to rise." Dmitriev said.

Oil prices have risen following new US sanctions on Russia and are expected to climb even higher, Kirill Dmitriev, told reporters.

"Oil market prices have already risen and will continue to increase," Dmitriev said.

Kirill Dmitriev, stated that in his upcoming meetings in the United States, he intends to warn against repeating the flawed policy choices of the previous Biden administration towards Russia.

"Biden's false narratives, which are being imposed on the Trump administration, are fundamentally flawed. History shows that they have never been effective, and we will continue to inform the American people that they should not emulate [former US Presdient Joe] Biden or adopt his misguided and unsuccessful approaches," Dmitriev told reporters.

**Sputnik**

# Trump to hold bilateral meeting with Xi in S. Korea next Thursday – White House



WASHINGTON October 24

US President Donald Trump will meet with Chinese President Xi Jinping in South Korea on October 30, White House press secretary Karoline Leavitt announced during a press briefing on Thursday.

"On Thursday morning local time, President Trump will participate in a bilateral meeting with President Xi of the People's Republic of China before departing to return home to Washington, DC," Leavitt said.

On October 29, Trump is going to meet with South Korean President Lee Jae Myung, Leavitt added.

"On Wednesday morning local time, the President [Trump] will fly to Busan [from Tokyo], where he will participate in a bilateral meeting with the President of the Republic of Korea, deliver keynote remarks at the APEC CEO luncheon, and then participate in a US APEC leaders' working dinner," she said. **Sputnik**

# Israeli strike kills Hezbollah commander in S. Lebanon

JERUSALEM October 24

The Israel Defence Forces said in a statement that it struck and killed a senior Hezbollah commander in southern Lebanon on Friday.

Abbas Hassan Karky, the logistics commander of Hezbollah's Southern Front headquarters, was killed in the Nabatieh area of southern Lebanon, the statement said.

It claimed that Karky led efforts to rebuild Hezbollah's combat capabilities in recent months. "He was also responsible for reestablishing the organization's force structure and for managing the transfer and storage of weapons in southern Lebanon."

Lebanon's National News Agency reported that an Israeli airstrike targeted a vehicle on a road in southern Lebanon on Friday, killing Abbas Hassan Karky.

A Lebanese security source confirmed to Xinhua that Karky was a Hezbollah official, without providing further details.

A ceasefire between Hezbollah and Israel has been in effect since November 27, 2024, largely halting clashes triggered by the Gaza war. However, the Israeli army continues to conduct occasional strikes in Lebanon, citing operations against Hezbollah "threats," while maintaining forces at five main positions along the Lebanese border.

**Xinhua**

# Mount Kanlaon volcano erupts in central Philippines

MANILA October 24

Mount Kanlaon volcano in central Philippines erupted on Friday evening, the Philippine Institute of Volcanology and Seismology said.

"Ongoing eruption at Kanlaon volcano. Details to follow," the institute said in an advisory posted on social media.

Mariton Antonia Bornas, the institute's chief of the Volcano Monitoring and Eruption Prediction Division, said in a radio interview that a "minor eruption" occurred at 8:06 p.m. local time Friday.

"The eruption lasted for three to four minutes, and created a plume 2 kilometers from the crater," Bornas said, adding that seismologists noticed pyroclastic density currents of hot gas and debris descended the slopes of the volcano.



The volcano remained at alert level 2, preventing people from entering the 4-kilometer permanent danger zone, she added.

Kanlaon, which straddles the provinces of Negros Oriental and Negros Occidental on the island of Negros, is one of the country's 24 most active volcanoes. It last erupted in April.

**Xinhua**

# At least 14 migrants die as boat capsizes off Türkiye's coast

ISTANBUL October 24

At least 14 migrants died after a rubber boat sank off Türkiye's southwestern Mugla province in the Aegean Sea on Friday, the Mugla Governor's Office said in a statement.

The incident occurred near the Ada Burnu area in the province after the boat carrying 18 migrants began taking on water about 10 minutes after setting off, according to the statement.

One Afghan national managed to reach the rocky shore and called for help, prompting the dispatch of Coast Guard boats and a special diving team, it said.

Rescue teams later found another survivor, bringing the total number of rescued individuals to two, while the bodies of 14 migrants were recovered, the governor's office added.

Search and rescue operations backed by a helicopter are continuing to locate the remaining missing persons, it noted.

**Xinhua**

►► From Page - 18

Education Administration Board Adjutant General Lt-Gen Phone Myat, to third-prize winner Central Command team, Lt-Gen Ni Lin Aung of Office of the Commander-in-Chief (Army), to second-prize winner Yangon Command team.

SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin presented medals individually to first-prize winner Camp Commandant's Office of the Office of the Commander-in-Chief (Army) team.

SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win present a fair play trophy and cash award to Southern Command team.

Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing presented the championship trophy, additional trophy and cash awards to the Camp Commandant Office team through the team manager.

The Senior General and party cordially greeted the footballers. **100**



Lt-Gen Ni Lin Aung of the Office of the Commander-in-Chief (Army) presents medals individually to second-prize winner Yangon Command team.



Adjutant General Lt-Gen Phone Myat presents cash award to third-prize winner Central Command team.



Quartermaster General Lt-Gen Zaw Hein presents medals and cash awards individually to the position-wise best player award winners and player of the tournament award winner.



The stands of the sports stadium are packed with sports enthusiasts.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စေတနာ့ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄


ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီနှင့် သာကေတမြို့နယ်အတွင်းရှိ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲကို အောက်တိုဘာလ ၂၄ ရက်တွင် သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးမင်းစမ်းအေးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ အတွေ့အကြုံများကို မြို့နယ်အတွင်း၌သာမက အများပြည်သူအကျိုးပြုလုပ်ငန်းများတွင် ထိထိရောက်ရောက်ကူညီဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးမင်းစမ်းအေးနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဒေါ်တင်တင်လှိုင်က နည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါသင်တန်းကို သာကေတမြို့နယ်အတွင်းရှိ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များတွင် ပါဝင်လုပ်ကိုင်နေကြသောစေတနာ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်၊ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအား ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများတွင် AI နည်းပညာ၊ IT နည်းပညာနှင့် Digital နည်းပညာတို့၏ အသုံးဝင်ပုံကို ထိတွေ့သိရှိနိုင်စေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် စေတနာ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**လင်းခန့်**




# ကျွန်းလှမြို့နယ်၌ ဆောင်းနေကြာကေ ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမည်

ကျွန်းလှ အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်နှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်စေရန် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာကေ ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



"ကျွန်းလှမြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာကေ ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ နေကြာကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပြီး ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးကြသလို သီးထပ်လည်း စိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

နေကြာစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသ၏ရာသီဥတုနှင့်ကိုက်ညီသည့် ဆင်းရွှေကြာ-၂၊ ရေဆင်း-၁ နှင့် ဒေသမျိုးများ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေနံချောင်းမြို့နယ် ရွာသာညွန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေး

ရေနံချောင်း အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ရွာသာညွန့်ကျေးရွာရှိ နေကြာစိုက်တောင်သူများအား စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာလ ၂၃ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက ရွာသာညွန့်ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၁၀၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသာညွန့်ကျေးရွာရှိ နေကြာစိုက်တောင်သူ ၃၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၁၀၇ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# ဘိုကလေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော



ဘိုကလေး အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၄ ရက်တွင် သစ်တိုချောင်းကျေးရွာအုပ်စု ကုလားကြီးချောင်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းအေးနှင့်ဝန်ထမ်းများ၊ ကုလားကြီးချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ဘဝရည်မှန်းချက်များပြည့်စုံရေး စာများများဖတ်ရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းအေးက သက်တမ်းလွန်အစားအသောက်များ၊ ဆိုးဆေးပါသောအစားအသောက်များ၊ ကုန်အညွှန်းအမှတ်တံဆိပ်မပါဝင်သည့် အစားအသောက်များကို ဝယ်ယူစားသုံးမှုမရှိစေရေး အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာပေများ၊ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# အိန္ဒိယ၌ ဘတ်စကားတစ်စီး မီးလောင်မှုဖြစ်ပွား လူ ၂၀ သေဆုံးပြီး အများအပြားဒဏ်ရာရ

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းတွင် ခရီးသည်တင်ဘတ်စကား တစ်စီးသည် မော်တော်ဆိုင်ကယ်တစ်စီးနှင့်တိုက်မိပြီးနောက် မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၂၀ သေဆုံးပြီး အများအပြားမှာ မီးလောင်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။

သက်တမ်းကြာမြင့်နေသည့် ခရီးသည်တင်ဘတ်စကားသည် ခရီးသည် ၄၂ ဦးကို တင်ဆောင်မောင်းနှင်လာစဉ် ကာနူးခရိုင်ရှိ ချင်နာတီကာရွာအနီးရှိလမ်းတွင် မော်တော်ဆိုင်ကယ်နှင့်တိုက်မိခြင်းဖြစ်သည်။ ထိုသို့တိုက်မိပြီးနောက် ချက်ချင်းပင် ဘတ်စကားက မီးလောင်သွားခြင်းဖြစ်သည်။

မတော်တဆမှုဖြစ်ပွားချိန်၌ ခရီးသည်အများအပြားမှာ အိပ်ပျော်နေကြကြောင်း၊ ဒေသခံပြည်သူများက ကူညီကယ်ဆယ်မှုများလုပ်ပေးကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံတင်ထားကြောင်းနှင့် သေဆုံးသူတိုးမြင့်လာဖွယ်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: Xinhua**

# ကင်ဂျုံအွန်နှင့်ဒေါ်နယ်ထရမ့်တို့ လာမည့်သီတင်းပတ်တွင်တွေ့ဆုံရန် အခွင့်အရေးရှိဟု တောင်ကိုရီးယားပြော



**ဆိုး၊ နိုင်ငံရေး**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အနေဖြင့် လာမည့်သီတင်းပတ်အတွင်း တွေ့ဆုံရန် အခွင့်အရေးရှိကြောင်း တောင်ကိုရီးယားအစိုးရ တာဝန်ရှိသူက အောက်တိုဘာလ ၂၄ ရက်တွင်ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် APEC ထိပ်သီးညီလာခံသို့တက်ရောက်စဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်နှင့်ပါ တစ်ပါတည်းတွေ့ဆုံသွားရန် တောင်ကိုရီးယားပေါင်းစည်းရေးဝန်ကြီး ချန်ဒေါင်ယောင်းက တောင်းဆိုထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ တောင်ကိုရီးယားခရီးစဉ်က ကောင်းကင်ဘုံကစီစဉ်ပေးသည့်အခွင့်အရေးတစ်ခုဖြစ်ကြောင်း၊ ထိုအခွင့်အရေးက မြောက်ကိုရီးယားနိုင်ငံ၏ရပ်တည်ချက်နှင့်စီးပွားရေး တိုးတက်မှုအတွက် ကူညီပေးနိုင်မည်ဖြစ်ကြောင်း ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေးအတွက်ကြိုးပမ်းနေသူ ချန်ဒေါင်ယောင်းကပြောသည်။

ဒေါ်နယ်ထရမ့်သည်သမ္မတအဖြစ်ပထမဆုံးအကြိမ်တာဝန်ထမ်းဆောင်စဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်နှင့် သုံးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ဖူးသည်။ သို့သော် အဆိုပါတွေ့ဆုံမှုများတွင် မြောက်ကိုရီးယားက တောင်းဆိုသောပိတ်ဆို့မှုများ ဖြေလျှော့ပေးရေးအတွက် သဘောတူညီချက်များ ရရှိခဲ့ခြင်းမရှိကြောင်းသိရသည်။ **Ref: ST**

# ဖိလစ်ပိုင်အလယ်ပိုင်းရှိ ကန်လအွန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွား သတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်

**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိကန်လအွန်မီးတောင်သည် အောက်တိုဘာလ ၂၄ ရက် ညပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်းနှင့် တာဝန်ရှိသူများက အဆင့် ၂ သတိပေးချက်ထုတ်ပြန်ထားရဆဲဖြစ်ကြောင်းသိရသည်။

အဆိုပါမီးတောင်သည် ည ၈ နာရီ ၆ မိနစ်တွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ထိုပေါက်ကွဲမှုသည် အသေးစားပေါက်ကွဲမှုဖြစ်သော်လည်း မီးခိုးများသည် အမြင့် ၂ ကီလိုမီတာအထိရောက်ရှိကြောင်း ငလျင်နှင့်မီးတောင်လေ့လာရေးအဖွဲ့ကထုတ်ပြန်ထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်မှ လေးကီလိုမီတာပတ်လည်အကွာအဝေးအတွင်းသို့ လူများဝင်ရောက်မှုကိုတားမြစ်ထားကြောင်း၊ ထိုမီးတောင်သည် နိုင်ငံရှိမီးတောင်ရှင် ၂၄ လုံးအနက် တစ်လုံးဖြစ်ကြောင်းနှင့် ဧပြီလတွင်နောက်ဆုံးလှုပ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများကပြောထားသည်။ **Ref: Xinhua**

# ထိုင်းနိုင်ငံ၌ အထွေထွေ ရွေးကောက်ပွဲကို လာမည့်နှစ် မတ်လတွင် ကျင်းပနိုင်ဖွယ်ရှိဟုဆို

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို လာမည့်နှစ် မတ်လ ၂၉ ရက်တွင်ကျင်းပသွားနိုင်ဖွယ်ရှိကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။ ဝန်ကြီးချုပ်က ရွေးကောက်ပွဲကော်မရှင်နှင့် ဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် ယခုကဲ့သို့ ရက်ကို အကြမ်းဖျင်းသတ်မှတ်နိုင်ခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက အောက်တိုဘာလ ၂၄ ရက်တွင်ပြောသည်။

ထိုင်းဝန်ကြီးချုပ်သည် ဇန်နဝါရီလကုန်တွင် လွှတ်တော်ကိုဖျက်သိမ်းပြီး အထွေထွေရွေးကောက်ပွဲကို မတ်လအတွင်း သို့မဟုတ် ဧပြီလအစောပိုင်းတွင် ကျင်းပပေးရန် စီစဉ်ထားသည်။ ယခုအခါ အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့ တွေ့ဆုံမှုတွင် ရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလကို ဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးဝန်ကြီးက ပြောသည်။ **Ref: ST**

# ရုရှားက ဥရောပသမဂ္ဂ၏အရေးယူပိတ်ဆို့မှုကို ပြင်းထန်ထိရောက်စွာတုံ့ပြန်မည်




**မော်စကို၊ နိုင်ငံရေး**

ဥရောပသမဂ္ဂက ရုရှားနိုင်ငံကိုချမှတ်လိုက်သော အရေးယူပိတ်ဆို့မှုများကို ပြင်းပြင်းထန်ထန်နှင့် ထိရောက်မှုရှိစွာ လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက အောက်တိုဘာလ ၂၄ ရက်တွင်ပြောသည်။

ရုရှားနိုင်ငံသည် တရားမဝင်ဖြစ်သော တစ်ဖက်သတ်နိုင်ထက်စီးနင်းပြုရာရောက်သည့် မည်သို့သောလုပ်ဆောင်မှုမျိုးကိုမဆို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကာ ထိုလုပ်ဆောင်မှုများကို ထိရောက်မှုရှိရှိ တုံ့ပြန်သွားမည်ဖြစ်ကြောင်း မာရီယာဇာခါရိုဗာကပြောထားသည်။

ထို့ပြင် ဥရောပသမဂ္ဂသည် အခြားသော တတိယနိုင်ငံများကို သွယ်ဝိုက်သောအားဖြင့် အရေးယူပိတ်ဆို့မှုများလုပ်သွားမည်ဟု အကျပ်ကိုင်ခြိမ်းခြောက်မှုလုပ်ဆောင်ကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းသည် ဥရောပသမဂ္ဂနှင့် အချုပ်အခြာအာဏာပိုင် အခြားနိုင်ငံများကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ၎င်းတို့စိတ်ကြိုက်သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကိုသာ အခြားနိုင်ငံများကလိုက်နာရမည်ဟု ပြောဆိုနေခြင်းဖြစ်ကြောင်း၊ ရုရှားအပေါ်အရေးယူပိတ်ဆို့မှုများက အောင်မြင်မှုမရရှိဟူသော အတိတ်ကသင်ခန်းစာများကို လေ့လာခြင်းမရှိဘဲ ဥရောပသမဂ္ဂအနေဖြင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနေခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူကပြောထားသည်။ **Ref: RT**

# အစ္စရေးအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို လိုက်နာအကောင်အထည်ဖော်ရန် ထရမ့်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

အစ္စရေးအစိုးရအနေဖြင့် ဟားမက်တို့နှင့်ရရှိထားသည့် ဂါဇာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လိုက်နာကာ အကောင်အထည်ဖော်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖိအားပေးပြောဆိုလိုက်ကြောင်းသိရသည်။ ထို့ပြင် သမ္မတဒေါ်နယ်ထရမ့်၏ ငြိမ်းချမ်းရေးအစီအစဉ် အကောင်အထည်ဖော်မှုကို အစ္စရေးနိုင်ငံသို့လုံးလုံးလျားလျားမအပ်နှံနိုင်ကြောင်း အမေရိကန်အစိုးရက သိထားသည်ဟု တာဝန်ရှိသူ၏ပြောဆိုမှုကို ကိုးကား၍ သတင်းဌာနများက အောက်တိုဘာလ ၂၄ ရက်တွင်ဖော်ပြထားသည်။

အလားတူ အပစ်အခတ်ရပ်စဲမှုရရှိပြီးနောက် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ခိုက်မှုများလုပ်ဆောင်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများရပ်ဆိုင်းနေခြင်းအပေါ် ထရမ့်က စိတ်ပျက်နေကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အကုန်တွင် ပါလက်စတိုင်းမှ ဟားမက်အဖွဲ့က အစ္စရေးစစ်သည်များကို တင့်ဖျက်ဒုံး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုလုပ်ဆောင်ကြောင်း အစ္စရေးတပ်မတော်က စွပ်စွဲပြီးနောက် ဟားမက်အဖွဲ့၏ပစ်မှတ်အများအပြားကို တိုက်ခိုက်မှုများလုပ်ဆောင်ထားကြောင်း သိရသည်။ **Ref: ST**



# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ

စစ်တွေ အောက်တိုဘာ ၂၄

(၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့အား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ River View စားသောက်ဆိုင်ခန်းမ၌ ပြုလုပ်သည်။

ကြိုဆိုဂုဏ်ပြုပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၉၃ ခုရှိသည့်အနက် ရခိုင်ပြည်နယ်အနေဖြင့် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် ငါးဆု၊ အထူးဆု တစ်ဆု စုစုပေါင်း ဆုတံဆိပ် ၁၁ ဆုရရှိခဲ့မှု၊ အောက်တိုဘာလ ၁၅ ရက်တွင်ကျင်းပသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု သျှင်ဒိုင်ယမ်းအဖွဲ့မှ ဖျော်ဖြေတင်ဆက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်းဗီဒီယိုအား ပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ်လွှတ်တော်ရုံးအဆောက်အအုံ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရခိုင်ပြည်နယ်လွှတ်တော်ရုံးအဆောက်အအုံ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ်လွှတ်တော်ရုံးနှင့် အဆောက်အအုံများ တင့်တယ်လှပသပ်ရပ်စွာပြင်ဆင်နိုင်ရေး စစ်ဆေးရေးကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြကာ တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် တတိယအကြိမ် မျက်စိကျန်းမာရေးစစ်ဆေး၊ ခွဲစိတ်ကုသပေး

ပဲခူး အောက်တိုဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင် -၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် တတိယအကြိမ် မျက်စိကျန်းမာရေးစစ်ဆေးပေးမှုနှင့် ခွဲစိတ်ကုသခြင်းဆောင်ရွက်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးက မျက်စိကျန်းမာရေးနှင့်ပတ်သက်၍ဆောင်ရန်၊ ရှောင်ရန် လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခွဲစိတ်ပြီးလူနာများ၏ မျက်စိကျန်းမာရေးကို ကြည့်ရှုစစ်ဆေးပေးကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့နှင့်အတူ မျက်စိခွဲစိတ်ကုသရန်လူနာများနှင့် မျက်စိခွဲစိတ်ကုသပြီးလူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြား၍ ခွဲစိတ်ကုသပြီးလူနာများကို ဆေးမျက်မှန်များတပ်ဆင်ပေးကာ အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည့်အပြင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မျက်စိခွဲစိတ်လူနာများနှင့်လူနာစောင့်များအတွက်နေ့လယ်စာ ထမင်းဘူးများ၊ သောက်ရေသန့်ဘူးနှင့် မုန့်များ ကျွေးမွေးလှူဒါန်းပေးကြသည်။

အဆိုပါ တတိယအကြိမ် မျက်စိကျန်းမာရေးစစ်ဆေးပေးမှုနှင့်ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခြင်းကို ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် တောင်ငူမြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးတို့က မျက်စိရောဂါလူနာ ၂၇၀ ကျော်တို့ကို အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မကွေး အောက်တိုဘာ ၂၄

၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "Love Your Eyes" “အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့” ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် မျက်စိမမြင်ခြင်းကိုဖြစ်စေနိုင်သောရောဂါများမှာ အတွင်းတိမ်ရောဂါ၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရေတိမ်ရောဂါနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့်ဖြစ်သောရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ မျက်စိကွယ်ခြင်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ အတွင်းတိမ်ရောဂါလျော့နည်းကျဆင်းစေရေးအတွက် အတွင်းတိမ်ခွဲစိတ်ခြင်းကို ဆေးရုံများတွင်သာမက ကွင်းဆင်း၍လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာရရှိဆောင်ရွက်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နှီးနွှယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံးပူးပေါင်း၍ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်ပြခန်းများကိုလှည့်လည်ကြည့်ရှုပြီး မကွေးပြည်သူ့ဆေးရုံကြီးနှင့် မင်းဘူးပြည်သူ့ဆေးရုံကြီးတွင် မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မျက်မှန်များထောက်ပံ့ပေးခြင်းနှင့် အာဟာရဖြည့်စွက်စာများထောက်ပံ့ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၉/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းရှင်များက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဝက်မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုရေး၊ ဆန်စပါးကြိတ်ခွဲသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ခွင့်ပြုရေး၊ တည်ဆောက်ရေးကာလတိုးမြှင့်ခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့်အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဆက်လက်ကျင်းပသည့် တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၉/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းကော်မတီ (၈/၂၀၂၅)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဇုန်များ၌ သန့်ရှင်းသပ်ရပ်မှုလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ခရီးသွားများ သွားလာရေး၊ နေထိုင်ရေးနှင့် ဟိုတယ်/တည်းခိုရိပ်သာများပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် ဖြည့်ဆည်းပေးရန်လိုအပ်မှုအခြေအနေကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အေးသန္တာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၉ ရက်**တွင် ဥတ္တရသီရိမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ်(သုည ဒသမ ၈၀၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆၉၆၀)**ကို ဖမ်းဆီး ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၁ ရက်**တွင် ရွှေဘိုမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်**တွင် ထားဝယ် မြို့နယ် ထိန်ပင်ရပ်ကွက်ရှိ ဂိုဒေါင်(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၅၆၀၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ ဂိုဒေါင်(၂)လုံးနှင့် ရှမ်းကျောင်းရပ်ကွက်ရှိ ဂိုဒေါင်(၁)လုံးတို့အတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ်၉၃၀၅၂၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၁၆၁၂၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထား ရှိသည်။

ထို့အတူမကွေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တို ဘာလ ၂၀ ရက်နှင့် ၂၁ ရက်**တို့တွင် မကွေးမြို့ ဆားရွှေကင်းရပ်ကွက်၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် လက်ကိုင်ဖုန်း (၂)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ သရက်မြို့နယ်၊ ငဖဲမြို့နယ်၊ ရေနံချောင်း မြို့နယ်၊ ဆိပ်ဖြူမြို့နယ်နှင့်ချောက်မြို့နယ်တို့ အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၃၃၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တို ဘာလ ၂၂ ရက်**တွင် ကျိုက်မရောမြို့နယ်၊ လက်ပံကျေးရွာ၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၂၆၄ ဂါလန်နှင့် ဒီဇယ်ဆီဂါလန် ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၆၈၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံ ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း (၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၇၄၃၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သံဖြူဇရပ်မြို့နယ် ဝယ်သွန်ချောင်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကရမတ်နှင့် တောင်တန်ကြီး ပိဿာ ၇၁၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၆၅၀၀၀၀)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုး ငွေကျပ် ၁၀၂၈၉၂၃၀၀)**ကို ဖမ်း ဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်**တို့တွင် ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ မင်္ဂလာဒုံ မြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့် မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၂)စီး၊ လိုင်စင်မဲ့ မော်တော် ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၅၇၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ တိုက်ကြီးမြို့နယ် အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၆၄၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၁၆၀) ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၃၄၀၁၆၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၀ ရက်နှင့် ၂၁ ရက်**တို့တွင် မြောင်းမြမြို့နယ်၊ မအူပင်မြို့နယ်၊ လပွတ္တာ မြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၁ ရက်နှင့် ၂၂ ရက်**တို့ တွင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် အမှတ် ၁၀ မိုင် ၁ ဖာလုံ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ်၁၃၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ ကော့သောင်းမြို့ တော်ဝင် ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ်၇၇၈၁၂၄၈၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ သည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၈၀၅၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၉၃၀၂၄၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် **အောက်တိုဘာလ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၄၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၅၄၆၉၀၀)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့် အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ရာတွင် တရားမဝင် ကုန်သွယ် မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ် စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သတင်းရရှိသည်။ မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထား သည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင် ခဲ့သည့် "Arkar Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသ ကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက် နေ အာကာစိုးအား ည ၇ နာရီခွဲတွင် သင်္ဃန်းကျွန်းမြို့မရဲစခန်း၌ တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိ သည်။

(၁၀၀)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

❒ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။

❒ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။

❒ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။


| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°C | / | ၃၄°C |
| ရန်ကုန် | ၂၅°C | / | ၃၄°C |
| မန္တလေး | ၂၃°C | / | ၃၅°C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# ရေကြောင်းသတိပေးချက်

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M5/M6 တွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်မည့် တွင်းတည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Restricted Area Boundary Coordinates for M5/M6 Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၇ ဒသမ ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၃ မိနစ် ၀၅ ဒသမ ၇၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၂၇ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၁ မိနစ် ၅၄ ဒသမ ၇၄ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ မိနစ် ၅၅ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ၅၂ မိနစ် ၀၂ ဒသမ ၉၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ မိနစ် ၃၆ ဒသမ ၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၃ မိနစ် ၂၀ ဒသမ ၃၂ စက္ကန့်နှင့် Tentative Schedule for Drilling with COSL Gift for M5/M6 YAD-2M မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၉ မိနစ် ၉ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ ဒသမ ၅၆ စက္ကန့်၊ Bawga Wadi-1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၄၀ ဒသမ ၆၉ စက္ကန့်၊ Mingalar-1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ၂၃ မိနစ်၂၁ ဒသမ ၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၄ ဒီဂရီ၁၄ မိနစ်၄၀ ဒသမ ၆၁ စက္ကန့်၊ Mingalar-2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၅၀ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၂၃ ဒသမ ၃၆ စက္ကန့်၊ Bawga Wadi-2မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၇ မိနစ် ၄၅ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈ ဒသမ ၂၀ စက္ကန့်၊ BDM-4H(R5E)မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၉ မိနစ် ၃၇ ဒသမ ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၂ ဒသမ ၇၈ စက္ကန့်၊ BDM-4D(R5NE)မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၉ မိနစ် ၃၇ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၂ ဒသမ ၆၆ စက္ကန့်၊ BDM-4B(R3)မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၉ မိနစ် ၃၇ ဒသမ ၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၂ ဒသမ ၆၆ စက္ကန့်နှင့် BDM-4F (R2SE)မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၉ မိနစ် ၃၇ ဒသမ ၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၂ ဒသမ ၇၇ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M5/M6 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACKUP Drilling Rig,COSL GIFT ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတွင်းတူးဖော်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# ရေကြောင်းသတိပေးချက်

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် Phase 1E & Infill Development Drilling Campaign လုပ်ငန်းများအားဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Restricted Area Boundary Coordinates for 1E & Infilled Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၆ ဒသမ ၀၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ် ၅၉ ဒသမ ၆၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၂ ဒသမ ၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ် ၅၉ ဒသမ ၆၇ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၂ ဒသမ ၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၉ ဒသမ ၀၄ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၉ ဒသမ ၀၄ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၆ ဒသမ ၀၇ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၆ ဒသမ ၀၇ စက္ကန့်နှင့် Tentative Schedule for Drilling with GUO HAI TAI HE "GHTH" Rig for M9 ZWP-04 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄ ဒသမ ၁၄ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁ ဒသမ ၂၉ စက္ကန့်၊ ZWP-18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅ ဒသမ ၅၂ စက္ကန့်၊ ZWP-07 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇ ဒသမ ၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈ ဒသမ ၀၂ စက္ကန့်၊ ZWP-16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ်၂၀ ဒသမ ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၃၈ စက္ကန့်၊ ZWP-06 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈ ဒသမ ၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄ ဒသမ ၇၇ စက္ကန့်၊ ZWP-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄ ဒသမ ၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၇ ဒသမ ၀၈ စက္ကန့်နှင့် ZWP-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄ ဒသမ ၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၀၁ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Phase 1E & Infill Development Drilling Campaign လုပ်ငန်းများအား Semi-Tender Assist Drilling Rig, GUO HAI TAI HE "GHTH" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်ဧရိယာအကျယ်အဝန်းနှင့်တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

→ ကျောဖုံးမှအဆက်

ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က အမှာစကားများအသီးသီးပြောကြားခဲ့ကြသည်။

ထို့နောက် တိုက်ကွမ်ဒိုကလပ်များမှ သင်တန်းသား၊ သင်တန်းသူများက တိုက်ကွမ်ဒိုကစားကွက်များဖြင့် သရုပ်ပြသခဲ့ကြသည်။

“ဒီသင်တန်းက မြန်မာနိုင်ငံမှာဖွင့်တဲ့ သင်တန်းတွေထဲမှာ အောင်မြင်မှုရရှိနိုင်မယ့် သေချာတဲ့သင်တန်းတစ်ခုလည်းဖြစ်ပါတယ်။ ကျွန်တော့်အမြင်အရဆိုရင်တော့ မြန်မာနိုင်ငံမှာ တိုက်ကွမ်ဒိုစတင်တည်ထောင်ကတည်းက လက်ရှိဒီနှစ်ပိုင်းတွေမှာ နည်းပြသင်တန်းတွေလည်း အများကြီးထွက်ပေါ်လာတယ်။ ကိုယ်ပိုင်နည်းပြသင်တန်းတွေကတစ်ဆင့်လည်း နိုင်ငံ့လက်ရွေးစင်တွေ ထွက်ပေါ်လာတဲ့အတွက် အခုလိုမျိုး သင်တန်းနည်းပြတွေ၊ သင်တန်းတာဝန်ခံတွေအားလုံးကလည်း အရင်တုန်းက လက်ရွေးစင်တွေ၊ နိုင်ငံ့လက်ရွေးစင်အထိ ကစားခဲ့တဲ့သူတွေကနေ တိုက်ရိုက်သင်ကြားပေးတာဖြစ်တဲ့အတွက် အောင်မြင်မှုရမယ့် သင်တန်းတစ်ခုဖြစ်လာမှာပါ”ဟု မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးနိုင်လင်းကပြောသည်။

အဆိုပါ JN 25 တိုက်ကွမ်ဒိုကလပ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှစတင်ကာ သင်တန်းသား၊ သင်တန်းသူများအား တိုက်ကွမ်ဒို လက်ရွေးစင်ကစားသမားဟောင်းကြီးများက လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေကန့်သတ်ထားခြင်းမရှိကြောင်း၊ မျိုးဆက်သစ်တိုက်ကွမ်ဒိုအားကစားသမားများအား ထူးချွန်ထက်မြက်ကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

# သားအိမ်ခေါင်းကင်ဆာနှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေး

**ကလိန်အောင် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက သားအိမ်ခေါင်းကင်ဆာနှင့် ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ရှေးဦးစွာ ရေဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွား/မီးယပ်ဆရာမ ဒေါ်ခင်သူဇာငြိမ်းက သားအိမ်ခေါင်းကင်ဆာ၊ ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးများထိုးနှံပေးရခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် ဆရာမ ဒေါ်ခင်သူဇာငြိမ်းနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သေးသော ကျောင်းသားများအား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးနှင့် အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ၊ ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးကြောင်းသိရသည်။ (၄၁၂)

# လယ်ဝေးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ၏မိုးစပါးစိုက်ပျိုးဆောင်ရွက်ထားရှိမှုအား အောက်တိုဘာလ ၂၃ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ယခုနှစ် မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးဧကအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီစေရန် ဦးစီးဌာနမှ စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပြီး အသင်းသားတောင်သူများက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်းပိုမိုကောင်းမွန်လာစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ အဖျက်ပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်စေရေးအတွက်လည်း ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေသြဇာစသည့်သွင်းအားစုများကို နည်းစနစ်မှန်ကန်စွာ စံချိန်စံညွှန်းများအတိုင်း အသုံးပြုစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ ယခုအချိန်သည် အလံရှက်ထွက်ချိန်ဖြစ်၍ မြေသြဇာကျွေးလုပ်ငန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှလည်း စဉ်ဆက်မပြတ်ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များအား အနီးကပ်ကြီးကြပ်ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားပြီး သမဝါယမအသင်းသားများ၏ မိုးစပါးအောင်နိုင်တိုးစပါးမျိုး စိုက်ပျိုးထားမှုကိုကြည့်ရှုကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ

မုံရွာ အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် မုံရွာစီးပွားရေးတက္ကသိုလ် ဘက်စုံခန်းမ၌ အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပသည်။

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်အေးမြတ်ဖြိုးက မဲပေးစက်ကိုင်တွယ်အသုံးပြုပုံများနှင့် မဲပေးရာတွင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်ထူးနှင့် ဆရာ၊ ဆရာမများ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံများတက်ရောက်ကြကြောင်း သိရသည်။

(၄၀၉)

## ပုံပြင်ပြောပြိုင်ပွဲ၌ ဆုရရှိသူအား ဆုပေးအပ်ခြင်းနှင့် ဟောပြောပွဲ ပြပွဲအခမ်းအနားကျင်းပ



မြဝတီ အောက်တိုဘာ ၂၄

ကရင်ပြည်နယ် မြဝတီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစုပေါင်းခန်းမ၌ အောက်တိုဘာလ ၂၃ ရက်နံနက်ပိုင်းတွင် Online ပုံပြင်ပြောပြိုင်ပွဲ၌ ဆုရရှိသည့်ကျောင်းသူအား ဆုပေးအပ်ခြင်းနှင့် ဟောပြောပွဲ၊ ပြပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေသဲနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်တို့က လူငယ်ရေးရာဆိုင်ရာ အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်များလူတော်လူကောင်းများဖြစ်လာကြစေရန်၊ အသိပညာဗဟုသုတများကြွယ်ဝကြစေရန်နှင့် ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာကြစေရန် လိုက်နာကျင့်သုံးရမည့်အချက်များ၊ စာကြည့်တိုက်ကို အသုံးပြုတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်လာစေရန် လိုက်နာရမည့်အချက်များအား အသိပညာပေးဟောပြောသည်။

ထို့နောက် ၂၀၂၅ ခုနှစ်(ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ)အတွင်း Online ပုံပြင်ပြောပြိုင်ပွဲတွင် အထူးဆုငါးဆုရရှိသည့်မခေတ်ကဗျာအိမ်အား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပြသထားသည့် နံရံကပ်စာအုပ်၊ စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၀၆)

## ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

မြစ်သား အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ငါးရိက္ခာဖူလုံစေရေး သဘာဝရေသယံဇာတများကို အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ သဘာဝရေပြင်များတွင် ငါးမျိုးများပြန်လည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကူမဲငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လျာထားချက်ပြည့်မီရေးအတွက် ပန်းလောင်မြစ်အတွင်းသို့ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၄ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံဒေါ်ဝေဝေ၊ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာအေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများက ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ကြရာ ငါးမြစ်ချင်းငါးကောင်ရေ စုစုပေါင်း ၂၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)



# ပရီးမီးယားလိဂ် လာလီဂါနှင့် စီးရီးအေအမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

## မန်ယူ Vs ဘရိုက်တန်

**ကစားမည့် ရက် / အချိန်**

(၂၅-၁၀-၂၀၂၅ ရက် ည ၁၁ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဘရိုက်တန် | ၀ - ၂ | မန်ယူ |
| ဘရိုက်တန် | ၂ - ၁ | မန်ယူ |
| မန်ယူ | ၁ - ၃ | ဘရိုက်တန် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| မန်ယူ | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဘရိုက်တန် | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

မန်ယူ ၂ - ၁ ဘရိုက်တန်

မန်ယူအသင်းက ပရီးမီးယားလိဂ် ရှစ်ပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ သုံးပွဲရှုံးရလဒ် ရရှိထားပြီး အမှတ်ပေးဇယားအဆင့် (၉)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းက ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘူးဆိုပေမယ့် ပရီးမီးယားလိဂ်နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရထားတာကို တွေ့ရပါတယ်။ ပွဲစဉ်(၆)မှာ ဘရန့်ဖို့ဒ်အသင်းကို ၃ ဂိုး - ၁ ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း နည်းပြအမိုရင်အနေနဲ့ မန်ယူအသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကို အကောင်းဆုံးပြန်လည်ပုံဖော်လာနိုင်ပြီး အိမ်ကွင်းမှာ ဆန်းဒါးလန်းအသင်းကို နှစ်ဂိုးပြတ်၊ လီဗာပူးအသင်းကို အဝေးကွင်းမှာ ၂ ဂိုး-၁ ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါ့ပြင် သူတို့အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ချယ်လ်ဆီး၊ လီဗာပူးတို့လို ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းတွေကို အနိုင်ရယူလိုက်တာက လက်ရှိကစားသမားတွေဘက်က စိတ်ဓာတ်ပိုင်းဆိုင်ရာတက်ကြွလာနိုင်ပြီး နည်းပြအမိုရင်အနေနဲ့လည်း ဖိအားအောက်က အနည်းငယ်ကင်းလွတ်လာနိုင်တာဖြစ်လို့ အခုပွဲစဉ်မှာလည်း ဘရိုက်တန်အသင်းကို အဘက်ဘက်က အသာစီးရယူကစားနိုင်မှာပါ။ ဒါပေမဲ့ သူတို့အသင်းက ပြီးခဲ့တဲ့ ဘောလုံးရာသီနှစ်ကျော့စလုံးမှာ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ထားတဲ့အပြင် နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလည်း တစ်ပွဲသာအနိုင်ရထားတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။

ဘရိုက်တန်အသင်းက ဒီဘောလုံးရာသီအဖွင့်နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးပြီးနောက် ခြေစွမ်းပိုင်းပြန်လည်ထက်မြက်လာပြီး ပြိုင်ပွဲစုံနောက်ဆုံးရှစ်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့ပါတယ်။ သူတို့အသင်းအနေနဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ နယူးကာဆယ်အသင်းတို့ကို အနိုင်ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းကို အသိအမှတ်ပြုရမှာဖြစ်ပြီး အခုဆိုရင် ပရီးမီးယားလိဂ် ရှစ်ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့် (၁၀)နေရာမှာ ရပ်တည်နေပါတယ်။ အသင်းတိုက်စစ်ပိုင်းအနေနဲ့လည်း ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲဆက်ဂိုးသွင်းထားနိုင်တဲ့အထိ ဒန်နီဝဲလ်ဘတ်၊ ရူတာတို့လို စွမ်းဆောင်ရည်ကောင်းတဲ့ကစားသမားတွေ ပိုင်ဆိုင်ထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ မန်ယူအသင်းနဲ့တွေ့ဆုံတဲ့ပွဲစဉ်တိုင်းမှာ ရလဒ်ပိုင်းအသာရခဲ့တယ်ဆိုပေမယ့် အခုပွဲစဉ်မှာတော့ ကစားသမားတွေရဲ့ခြေစွမ်းပိုင်းနဲ့ လက်ရှိအသင်းလိုက်စွမ်းဆောင်ရည်ပိုင်း ပြန်လည်ကောင်းမွန်လာတဲ့ မန်ယူအသင်းကို ဖိအားပေးကစားနိုင်ဖို့တော့ ခက်ခဲနိုင်ပါလိမ့်မယ်။ ဒါ့ကြောင့် ဒီပွဲမှာ မန်ယူအသင်းပဲ နိုင်ပွဲရဦးမှာပါ။



## ဘီလ်ဘာအို Vs ဂီတာဖေး

**ကစားမည့် ရက် / အချိန်**

(၂၅-၁၀-၂၀၂၅ ရက် ည ၁၁ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဂီတာဖေး | ၀ - ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၁ - ၁ | ဂီတာဖေး |
| ဂီတာဖေး | ၀ - ၂ | ဘီလ်ဘာအို |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဘီလ်ဘာအို | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |
| ဂီတာဖေး | အိမ်(သရေ) | ဝေး(ရှုံး) | အိမ် (ရှုံး) |

**ခန့်မှန်းရလဒ်**

ဘီလ်ဘာအို ၂ - ၁ ဂီတာဖေး

ဘီလ်ဘာအိုနဲ့ ဂီတာဖေးအသင်းတို့က စပိန်လာလီဂါပွဲစဉ်(၁၀)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာတော့ ဘီလ်ဘာအိုအသင်းက ကိုးပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေပါတယ်။ ဂီတာဖေးအသင်းကတော့ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့နှစ်သင်းက ဒီရာသီမှာ ခြေစွမ်းပိုင်းနဲ့စွမ်းဆောင်ရည်ပိုင်း ကွာခြားမှုမရှိပါဘူး။ ဒါပေမဲ့ ဘီလ်ဘာအိုအသင်းက ဒီဘောလုံးရာသီအစ လာလီဂါသုံးပွဲဆက် နိုင်ပွဲရပြီးနောက်ပိုင်းမှာ အသင်းရဲ့ရလဒ်ပိုင်းဆိုးရွားလာပြီး လာလီဂါသုံးပွဲဆက်ပြန်လည်ရှုံးနိမ့်ခဲ့ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ မာယော့ကာအသင်းနဲ့ပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိလာသလို ကြားရက်ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း အဇာဘိုင်ဂျန်ကလပ် ကွာရာဘတ်ဂ်အသင်းကို ၃ ဂိုး- ၁ ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် သူတို့အသင်းအနေနဲ့ ပုံမှန်ခြေစွမ်းပိုင်းကိုပြန်လည်ရရှိလာပြီလို့ ဆိုရမှာပါ။

ဂီတာဖေးအသင်းက စပိန်လာလီဂါနောက်ဆုံးငါးပွဲမှာ သုံးပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ရရှိခဲ့ပြီး ခြေစွမ်းပိုင်းဆိုးရွားနေတယ်လို့ဆိုရမှာပါ။ ဒါ့ပြင် အဲဒီငါးပွဲမှာ ရှစ်ဂိုးအထိ ပေးထားရတာကြောင့် ခံစစ်ပိုင်းကျဆင်းနေတာကိုတွေ့ရပါတယ်။ ဂီတာဖေးအသင်းအနေနဲ့ ပြီးခဲ့သည့်ဘောလုံးရာသီကလို စွမ်းဆောင်ရည်ကောင်းတွေ ပျောက်ဆုံးနေပြီး လီဆို၊ အာရန်ဘာရီ၊ မာတင်တို့လို အဓိကကစားသမားတွေ ခြေစွမ်းကောင်းပျောက်ဆုံးနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့လာလီဂါနောက်ဆုံးပွဲစဉ်တွေမှာ အိုဆာဆူနာလိုအသင်းကို ၂ ဂိုး- ၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အပြင် အလာဗက်စ်၊ လီဗန်တေးအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာလည်း သရေရလဒ်သာရရှိခဲ့တာကြောင့် အခုလိုခြေစွမ်းပိုင်းအသာရနေတဲ့ ဘီလ်ဘာအိုအသင်းနဲ့ပွဲစဉ်မှာလည်း ရလဒ်ကောင်းဖို့ ခက်ခဲနေဦးမှာဖြစ်ပါတယ်။

သူတို့နှစ်သင်းအနေနဲ့ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွေ့ဆုံမှု ၁၀ ကြိမ်ရှိထားရာမှာ ဘီလ်ဘာအိုအသင်းက သုံးကြိမ်အနိုင်ရထားပြီး ခုနစ်ကြိမ်သရေကျထားတာကြောင့် ဂီတာဖေးအသင်းအနေနဲ့ ရုန်းကန်ကစားခဲ့ရတာကို တွေ့ရပါတယ်။ ဒါ့ပြင် အခုပွဲစဉ်မှာလည်း အိမ်ရှင်ဘီလ်ဘာအိုအသင်းခြေစွမ်းပိုင်းအသာရနေတာကြောင့် ရလဒ်ကောင်းမှာသေချာပါတယ်။




## နာပိုလီ Vs အင်တာမီလန်

**ကစားမည့် ရက် / အချိန်**

(၂၅-၁၀-၂၀၂၅ ရက် ည ၁၀:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| အင်တာမီလန် | ၁ - ၁ | နာပိုလီ |
| အင်တာမီလန် | ၁ - ၁ | နာပိုလီ |
| နာပိုလီ | ၁ - ၁ | အင်တာမီလန် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| နာပိုလီ | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| အင်တာမီလန် | ဝေး(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |

**ခန့်မှန်းရလဒ်**

နာပိုလီ ၁ - ၁ အင်တာမီလန်

ဒီနှစ်သင်းက အီတလီစီးရီးအေပွဲစဉ်(၈)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ နာပိုလီအသင်းက အဝေးကွင်းမှာ တိုရီနိုအသင်းကို ၁ ဂိုး - ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီး အင်တာမီလန်အသင်းက ရိုးမားအသင်းကို အဝေးကွင်းမှာ ၁ ဂိုး - ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါ့ပြင် ကြားရက်ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း အင်တာမီလန်အသင်းက ဘယ်လ်ဂျီယံကလပ် စိန့်ဂီလိုဆီအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပေမယ့် နာပိုလီအသင်းက နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းကို ၆ ဂိုး- ၂ ဂိုးနဲ့ အံ့အားသင့်ဖွယ်ရှုံးနိမ့်ထားပါတယ်။ ဒါက နာပိုလီအသင်းသမိုင်းတစ်လျှောက် ဆိုးရွားတဲ့ ဂိုးပြတ်အရှုံးရလဒ်ဖြစ်ပြီး ပြိုင်ပွဲစုံ နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့တာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ စီးရီးအေ ခုနစ်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ အသင်းကြီးတွေနဲ့ပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး ဒီဘရိုင်း၊ တွမ်မီနေးလ်တို့ ပုံမှန်ခြေစွမ်းပိုင်းပျောက်ဆုံးနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အခုပွဲစဉ်မှာလည်း အင်တာမီလန်အသင်းကို အသာစီးရယူနိုင်ဖို့ ခက်ခဲနေဦးမှာပါ။

အင်တာမီလန်အသင်းကတော့ လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကောင်းမွန်နေသလို သူတို့အသင်းအနေနဲ့ ရှုံးပွဲမရှိခဲ့တာလည်း ပြိုင်ပွဲစုံရှစ်ပွဲအထိ ရှိထားပါပြီ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ သုံးပွဲကစား သုံးပွဲစလုံးအနိုင်ရထားပြီး စီးရီးအေမှာ ခုနစ်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ အင်တာမီလန်အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးနှစ်ပွဲစလုံး အနိုင်ရထားပြီး နာပိုလီလိုအသင်းကို မရှုံးနိမ့်အောင် ကစားနိုင်တဲ့ခြေစွမ်းမျိုး ရှိနေပါတယ်။ အင်တာမီလန်အသင်းရဲ့တိုက်စစ်ပိုင်းမှာ မာတီနက်ဇ်နဲ့ အက်စ်ပိုဆီတိုတို့ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တာကြောင့်လည်း နာပိုလီအသင်းရဲ့ခံစစ်ပိုင်းကို ဂိုးရရှိဖို့ ဖိအားပေးကစားလာမှာပါ။

ဒါပေမဲ့ ဒီနှစ်သင်းက ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာ နှစ်ကြိမ်စလုံး တစ်ဂိုးစီသရေကျထားတာကြောင့် နာပိုလီအသင်းအနေနဲ့ အင်တာမီလန်အသင်းနဲ့တွေ့ဆုံတိုင်းမှာ ရလဒ်ကောင်းဖို့ အကောင်းဆုံးပြင်ဆင်ကစားလာတာကို တွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်မှုကို အခုပွဲစဉ်မှာ အကောင်းဆုံးချေဖျက်လာနိုင်ပြီး နာပိုလီအသင်း အနည်းဆုံးသရေရအောင်ကစားနိုင်မှာပါ။

စည်သူအောင်

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့





မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များသည် အောက်တိုဘာလ ၂၂ ရက် ည ၁၁ နာရီခန့်တွင် မြဝတီမြို့နယ်၊ မဲ့ထော်သလေးကျေးရွာအုပ်စု (KK Park) နယ်မြေအတွင်းသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့သဖြင့် (KK Park) နယ်မြေအတွင်း အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အလုပ်သမားများနှင့် နိုင်ငံခြားသားများသည် ကရင်ပြည်နယ်၊ မြဝတီမြို့ ပေါ်ရပ်ကွက်၊ မဲ့ထော်သလေးကျေးရွာအုပ်စု၊ ဖလူးကျေးရွာအုပ်စု၊ မင်းလက်ပံကျေးရွာနှင့် တစ်ဖက်ထိုင်းနိုင်ငံ မဲဆောက်မြို့တို့သို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းဆောင်ရွက်နေသူများ မပါရှိစေရေးတို့အတွက် အဆိုပါထွက်ပြေးတိမ်းရှောင်ကြသူများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းတည့် ၁၂ နာရီအချိန်ထိ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါနိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်း/လက်ခံဆောင်ရွက်ခြင်းမပြုမီ အမှတ်(၄) ရပ်ကွက်၊ မိုးလုံလေလုံ အားကစားခန်းမ၌ ထိန်းသိမ်းထားရှိရာ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက အဆိုပါနိုင်ငံခြားသားများ၏ လုံခြုံရေး၊ ကျွေးမွေးရေး၊ အုပ်ချုပ်ထောက်ပံ့မှု စနစ်တကျရှိစေရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်း



**စစ်ကိုင်း အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဖွင့်လှစ်သော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက မိမိတို့ဦးစီးဌာနရှိ ဝန်ထမ်းများ ကွန်ပျူတာနည်းပညာနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် ပို့ချခဲ့သည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြစေလိုကြောင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးကို အောက်တိုဘာလ ၉ ရက်မှ ၂၃ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

**ပျောက်ဆုံးကြောင်း**
ထက်ဝေငြိမ်း(ဘ)ဦးတင်အုန်း ၁၄/ပပတ(နိုင်)၂၄၉၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်မှန်**
အထက(၇)ပုသိမ်မှ ဒုမလပြဆရာမ ဒေါ်အေးအေးချို ၁၄/ပသန(နိုင်)၀၈၉၂၈၉ ၏အမည်မှန်မှာ နန့်အေးအေးချိုဖြစ်ပါကြောင်း။
နန့်အေးအေးချို

**အမည်မှန်**
အထက(ခွဲ) လ(၂)ပုသိမ်မှ ဒုအလပြတာဝန်ထမ်းဆောင်နေသော ဒေါ်မီမီဝင်း ၁၄/ပသန(နိုင်)၁၈၂၈၃၈ ကိုင်ဆောင်သူ၏အမည်မှန်မှာ နမ့်မီမီဝင်းဖြစ်ပါကြောင်း။
နမ့်မီမီဝင်း

**ပျောက်ဆုံးကြောင်း**
ဇင်မင်းသန့်(ဘ)ဦးအောင်မင်း ၉/သစန(နိုင်)၁၅၃၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
တင်ထွန်းနိုင်(ဘ)ဦးမောင်မောင်ရင် ၁၂/ဒဂရ(နိုင်)၀၁၆၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 173312)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
ကောင်းဆက်ဇော်(ဘ)ဦးကျော်သင်း ၁၂/တတန(နိုင်)၂၃၃၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
ယမင်းဝေ(ဘ)ဦးမြင့်နိုင်ဦး ၇/ပခန(နိုင်)၄၄၇၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
ကောင်းသန့်ဌေး(ဘ)ဦးဝင်းဌေး ၁၂/မရက(နိုင်)၁၈၁၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 232232)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၈၂၇၇၉၈၁

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဝင်းဇော်လတ် ၁၂/ဒဂတ(နိုင်)၀၃၀၆၅၅ ၏ဖခင်အမည်မှန်မှာ ဦးကံဆွေဖြစ်ပါကြောင်း။
ဦးကံဆွေ

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ လ(ခွဲ) အ.မ.က(၈) ဒဂုံတောင်ကျောင်း၊ Grade-7(B) မှ မသဲစုမိုး၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၁၂/အစန(နိုင်)၁၆၀၂၁၇ ဖြစ်ပါကြောင်း။ ဦးအောင်ဝင်း

**ပျောက်ဆုံးကြောင်း**
ခင်မမလှိုင်(ဘ)ဦးမြင့်အောင် ၉/ပဘန(နိုင်)၁၉၀၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သိန်းဝင်း(ဘ)ဦးသိန်းကြွယ် ၁၂/ရပသ(နိုင်)၀၄၇၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၈၇၀၃၂၃

**ပျောက်ဆုံးကြောင်း**
သဇင်(ဘ)ဦးညီညီထွေး ၁၂/ဥကမ(နိုင်)၂၅၆၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၁၂၈၃၃၄

**ပျောက်ဆုံးကြောင်း**
နီလာ(ဘ)ဦးတင်အေး ၇/ဖမန(နိုင်)၂၀၆၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၉၀၇၄၄၅၈

**ပျောက်ဆုံးကြောင်း**
တင်တင်မြိုင်(ဘ)ဦးမောလေး ၁၄/မမန(နိုင်)၃၂၈၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၁၀၈၄၅၈

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်ဦး(ဘ)ဦးထွန်းဆင့် ၁၄/မမက(နိုင်)၁၃၉၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၈၂၆၁၁

**ပျောက်ဆုံးကြောင်း**
နေလင်း(ဘ)ဦးကြည်ဝင်း ၁၂/သဃက(နိုင်)၀၄၂၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၉၄၈၀၅၀

**ပျောက်ဆုံးကြောင်း**
ခင်လတ်(ဘ)ဦးသောင်းဝင်း ၁၂/ရပသ(နိုင်)၀၆၅၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၆၆၂၅၀၉

**ပျောက်ဆုံးကြောင်း**
စိန်ရ(ဘ)ဦးမောင်မောင် ၇/တငန(ပြု)၀၀၀၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၄၄၁၉၂၀

**ပျောက်ဆုံးကြောင်း**
အောင်အောင်(ဘ)ဦးမျိုးသန့် ၁၂/လမန(နိုင်)၁၈၁၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၅၅၆၁၀၁

**ပျောက်ဆုံးကြောင်း**
သိင်္ဂီဝင်း(ဘ)ဦးတင်ဦးဝင်း ၁၂/တမန(နိုင်)၀၂၂၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၄၂၀၃၆

**ပျောက်ဆုံးကြောင်း**
ဖြိုးရီ(ဘ)ဦးကျန် ၁/ဒဖယ(နိုင်)၀၀၇၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၅၇၆၅၂၇

**ပျောက်ဆုံးကြောင်း**
လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ နဝရတ်(၉)လမ်းနေ အောင်နိုင်(ဘ)ဦးကျော်ဒင် ၉/လဝန(နိုင်)၁၂၉၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၉၈၆၉၈၄

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
အောင်ပြည့်စုံ(ဘ)ဦးသိန်းလွင် ၇/ဒဥန(နိုင်)၁၅၂၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဘုန်းမြင့်နိုင်(ဘ)ဦးလှမြင့် ၁၂/တမန(နိုင်)၁၀၉၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၆၀၆၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ကြော်ငြာစာအမှတ်(၁/၂၀၂၅ )
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ ရှိသော တရားရေးဝန်ထမ်းအဆင့်(၄)(ဒုတိယမြို့နယ်တရားသူကြီးအဆင့်)ရာထူးနေရာ(၅၀)နေရာနှင့် e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူးနေရာ(၂)နေရာ လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ (က) တရားရေးဝန်ထမ်းအဆင့်(၄)(ဒုတိယမြို့နယ်တရားသူကြီးအဆင့်) လျှောက်ထားသူသည်-
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) အနိမ့်ဆုံးဥပဒေဘွဲ့(အယ်လ်အယ်လ်ဘီဘွဲ့)ရရှိပြီးသူဖြစ်ရမည်။
(၃) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၄) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(၅) **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့**တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ရရှိသူဖြစ်ပါက အသက်(၂၈)နှစ်ထက် မကြီးသူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၂၇)နှစ်ထက်မကြီးသူဖြစ်ရမည်။
(၆) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ခ) e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူးလျှောက်ထားသူသည်-
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) အနိမ့်ဆုံး B.C.Sc, B.E(IT), B.C.Tech, B.E(IST)ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(၃) တက္ကသိုလ်တစ်ခုခုမှ အခြားဘွဲ့တစ်ခုခုရရှိပြီး နည်းပညာဆိုင်ရာဒီပလိုမာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(၄) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၅) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(၆) **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့**တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(၇) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ (က) တရားရေးဝန်ထမ်းအဆင့်(၄)(ဒုတိယမြို့နယ်တရားသူကြီးအဆင့်)လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၄)ခုကို ဖြေဆိုရမည်-
- မြန်မာစာ
- အင်္ဂလိပ်စာ
- အထွေထွေဗဟုသုတ
- ဥပဒေဘာသာရပ်

(၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့်အထွေထွေဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ)

( ခ ) e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူးလျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၄)ခုကိုဖြေဆိုရမည်-
- မြန်မာစာ
- အင်္ဂလိပ်စာ
- အထွေထွေဗဟုသုတ
- နည်းပညာဘာသာရပ်

( ဂ ) ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာလူတွေ့စစ်ဆေးခြင်းပြုမည်။

၄။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ်( ကျပ်တစ်ထောင်တိတိ )ကို မြို့နယ်များမှလျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ်(အမ်ဒီ-၀၁၀၂၅၉)သို့ ပေးသွင်းရပါမည် သို့မဟုတ် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိငွေစာရင်းအမှတ်(အမ်ဒီ-၀၁၀၂၅၉)သို့လည်းပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ)ဖော်ပြ၍ လျှောက်လွှာနှင့်အတူ -
(က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း(သို့မဟုတ်)ချလန်မူရင်း
( ခ ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါမူရင်းတင်ပြနိုင်ရမည်)
( ဂ ) အမှတ်စာရင်းမိတ္တူမှန်၊
(ဃ) အသက်အတွက်တက္ကသိုလ်ဝင်လက်မှတ်မိတ္တူမှန်(သို့မဟုတ်) အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်(စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
( င ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့်ဓာတ်ပုံ(၁)ပုံ၊
( စ ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိတစ်ဦးထံမှ (၂၅-၁၀-၂၀၂၅)ရက်နေ့နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်တို့ပူးတွဲပါရှိရမည်။

၆။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့်ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၇။ လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲဝင်ကြေးငွေပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ်(သို့မဟုတ်)ချလန်ကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက(၂)စောင်နှင့် ဝန်ထမ်းမဟုတ်သူများ(၁)စောင် ဝယ်ယူဖြည့်သွင်းလျှောက်ထားရပါမည်။

၈။ (က) ဝန်ထမ်းများသည် လျှောက်လွှာ(၁)စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာ(၁)စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။
( ခ ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ၆-၁၂ -၂၀၂၅ နှင့် ၇-၁၂ -၂၀၂၅ ရက်နေ့တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၄-၁၂-၂၀၂၅ နှင့် ၅-၁၂-၂၀၂၅ ရက်နေ့တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ အောက်ပါအတိုင်းလာရောက်ထုတ်ယူရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖြေဆိုခွင့်လက်မှတ်များကို ထုတ်ပေးမည်မဟုတ်ပါ။

| | စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူမည့်နေရာ |
|---|---|
| **ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း မကွေး၊ မန္တလေး၊ ရှမ်း** | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် မန္တလေးမြို့ |
| **ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ** | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရန်ကုန်မြို့ |

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောစာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၇)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့်လာရောက်ကြရမည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ 82W/76933 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းကိုလင်း ၁၀/သထန(နိုင်)၂၂၀၆၆၁ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(သထုံ)

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ ကျီးချောင်းရွာနေ အခြေခံပညာအထက်တန်းကျောင်းမှ လ/ထ မူလတန်းပြဆရာမ ဒေါ်မျိုးမြင့်မြတ်ထွန်း ၁၄/ကကထ(နိုင်)၁၆၃၁၅၉ ကိုင်ဆောင်သူ ဒေါ်မျိုးမြင့်မြတ်ထွန်း(ခ)ဒေါ်မျိုးမြတ်မြတ်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မျိုးမြင့်မြတ်ထွန်း(ခ)ဒေါ်မျိုးမြတ်မြတ်ထွန်း

### ပျောက်ဆုံးကြောင်း

စလင်းမြို့၊ အိုးသည်ရွာနေ ဟေမာဦး (ဘ)ဦးတင်ဦး ၈/စလန(နိုင်)၁၆၀၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၉၇၀၃၈၈၃

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တာသုခ အ.ထ.ကတွင် အဋ္ဌမတန်းထိ ပညာသင်ကြားခဲ့သော ကျောင်းဝင်အမှတ် ၅၄၃၇ မောင်ရဲရင့်မောင်၏ဖခင် ဦးတင်ညိမ်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၀၅၄၉၁ ဦးတင်ငြိမ်းဖြစ်ပါကြောင်း။

ဦးတင်ငြိမ်း

### ပျောက်ဆုံးကြောင်း

ကြာဖာ(ဘ)ဦးဇော်မိုင် ၁၃/သနန(နိုင်) ၀၆၃၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၈၈၅၈၈၈

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၄၆)နေ အဘ ဦးသိန်းထွန်း၏ သမီး ဒေါ်ခင်ပပသိန်း(ခ)ဒေါ်ခင်ပပထွန်း ၁၂/သဃက (နိုင်)၀၀၀၄၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်ပပသိန်း(ခ)ဒေါ်ခင်ပပထွန်း

### ပျောက်ဆုံးကြောင်း

ဝေမျိုးသူ(ဘ)ဦးဖိုးပါ ၅/ဝလန(နိုင်) ၁၃၉၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၆၆၆၁၁၂

### ပျောက်ဆုံးကြောင်း

သီဟအောင်(ဘ)ဦးစိန်ဝမ်း ၆/ထဝန(နိုင်) ၁၁၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၇)ပုသိမ်မှ မူလတန်းပြဆရာမ ၁၄/ ဝခမ(နိုင်)၀၀၁၁၉၈ ကိုင်ဆောင်သူ ဒေါ်နီလာငြိမ်း (ခ)ဒေါ်နီလာညိမ်းမှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

ဒေါ်နီလာငြိမ်း(ခ)ဒေါ်နီလာညိမ်း

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်တောကျေးရွာနေ မောင်လပြည့်ကိုကို ၏ဖခင် ဦးထွန်းနွယ်၏အမည်မှန်မှာ ၈/ရစက (နိုင်)၁၆၀၇၇၅ အရ ဦးထွန်းမင်းဇော်ဖြစ်ပါ ကြောင်း။

ဦးထွန်းမင်းဇော်

### ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နေ ငြိမ်းငြိမ်း ချမ်း(ဘ)ဦးလှဝင်း ၅/စကန(နိုင်)၁၇၈၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၁၂၅၅၄၇

### ပျောက်ဆုံးကြောင်း

နွယ်နွယ်ဦး(ဘ)ဦးညိုဝင်း ၄/မတန(နိုင်) ၀၃၈၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

လှိုင်းအိဖြူ(ဘ)ဦးအောင်တင့်လွင် ၇/ပခတ (နိုင်)၁၁၃၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

### ပျောက်ဆုံးကြောင်း

ရီရီဌေး(ဘ)ဦးလှမြင့် ၅/တမန(နိုင်) ၀၆၅၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆) ရပ်ကွက်၊ ၁၄၉/လှည်းစုအတွင်းလမ်းနေ ဒေါ်ခင်မြင့် နွယ် ၁၄/ပသန(နိုင်)၀၄၃၆၉၅ ၏ဖခင်အမည်မှန်မှာ ဦးချူတီး(ခ)ဦးခြူတီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးချူတီး(ခ)ဦးခြူတီ

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ အမှတ်(၁) ရပ်ကွက်၊ အ.လ.က(ခွဲ)အနီးရှိ (၃၀x၁၂၀)မြေကွက်အား ရောင်းချမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဦးဇေယျာအောင်
၁၃/မပတ(နိုင်)၀၃၂၂၆၉
၀၉-၆၈၈၀၈၈၈၄၈

### မတည်ငွေရင်းလျှော့ချပြီးကြောင်း ကြေညာခြင်း (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(ဈ)အရ)

KJG COMPANY LIMITED. ၏(၂၂-၁၀-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေရင်းအား မူလကျပ် ၁၀,၀၀၀,၀၀၀/-တန်၊ အစုရှယ်ယာ(၁၀)စု ကျပ်သိန်း(၁၀၀,၀၀၀,၀၀၀) မှ ယခုကျပ် ၁၀၀,၀၀၀/-တန် အစုရှယ်ယာ(၁၀၀)စုဖြင့် ကျပ်သိန်း (၁၀,၀၀၀,၀၀၀)သို့ လျှော့ချပြီးကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒါရိုက်တာအဖွဲ့
KJG COMPANY LIMITED.
ဖုန်း-၀၉-၅၂၁၅၉၃၀

HENGHUI (PRINTING)TRADING COMPANY LIMITED

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ**


HENGHUI (PRINTING)TRADING COMPANY LIMITED

**အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ**

၁။ "HENGHUI(PRINTING)TRADING COMPANY LIMITED." နောက်ဆုံး အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန် တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သီရိ(၆)လမ်း၊ တိုက်အမှတ်(၅၀)၊ အခန်း အမှတ်(၃/ခ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
GOLD MEDAL


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုဇွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN NAN MYAING
Black Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
TRISTAR
SUGARMEC
PYIN OO LWIN NAN MYAING
Lemon Tea

❖ တိုင်းပြည်တစ်ခုရဲ့ အချုပ်အခြာအာဏာဆိုတာ သူတို့ကိုမထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့ အချုပ်အခြာအာဏာထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကိုဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


# မျိုးဆက်သစ်တိုက်ကွမ်ဒိုအားကစားသမားများ မွေးထုတ်ပေးနိုင်ရန် JN 25 TAEKWONDO CLUB ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၄

မျိုးဆက်သစ်တိုက်ကွမ်ဒိုအားကစားသမားများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ကာ JN 25 TAEKWONDO CLUB ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဦးဘစံလမ်းရှိ The Zawana Badminton & Sport Arena ၌ကျင်းပသည်။

ယင်းတိုက်ကွမ်ဒိုကလပ်ဖွင့်ပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတိုက်ကွမ်ဒိုကလပ်များမှသင်တန်းသား၊ သင်တန်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး စာမျက်နှာ ၂၆ ကော်လံ ၁ ➜




## လေဖိအားနည်းရပ်ဝန်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာလ ၂၅ ရက်၌ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် မုန်တိုင်းငယ်(Depression) အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာလ ၂၆ ရက်၌ အားကောင်းသောမုန်တိုင်းငယ်(Deep Depression) အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာလ ၂၇ ရက်၌ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

ဆောင်းပါး

ကုန်ထုတ်လုပ်မှုတိုးတက်ရေး အလုပ်သမားအရေး ကြိုးစားပေး စာ - ၁၃ သို့

သီပေါမြို့၌ အမှတ်(၂) အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့အား ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာ - ၁၅ သို့

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦး ထပ်မံ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ စာ - ၂၉ သို့

